# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ ဝါဆိုလကွယ် ၊ တနင်္ဂနွေနေ့ ၊ (4-8-2024) ၊ အတွဲ (၃၃)၊ အမှတ် (၀၉၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့မီးရထား စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)နှင့် အမျိုးသားပြတိုက်(နေပြည်တော်)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်) အတွင်း မြန်မာနိုင်ငံမှတည်ဆောက်ထားသည့် DEMU ရထားတွဲကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)နှင့် အမျိုးသားပြတိုက်(နေပြည်တော်)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)တွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒေါက်တာချာလီသန်း၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ပြင်ဦးလွင် **နန်းမြိုင်ကော်ဖီ**




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ရတနာပုံ
၂၀၂၄ ခုနှစ် ဩဂုတ် ၄ ရက်
အယ်ဒီတာ့အာဘော်

# မိဘဘိုးဘွားတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် ရှက်ဆောင်

သက်ကြီးမိဘဘိုးဘွားများသည် လူ့အဖွဲ့အစည်း၏အဖိုးတန်ပိုင်ဆိုင်မှုတစ်ခုအဖြစ် ရှုမြင်မှုများ မြင့်တက်စေရန် ကုလသမဂ္ဂအဖွဲ့ကြီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင်လည်း ကျန်းမာသက်ရှည်နေသော ဘိုးဘွားများ များပြားလာခြင်းသည် မင်္ဂလာတစ်ပါးအဖြစ် သတ်မှတ်ကာ နှစ်သစ်ကူးအခါသမယ၊ သီတင်းကျွတ်၊ တန်ဆောင်တိုင်အခါသမယတို့၏ မင်္ဂလာအပေါင်းနှင့်ပြည့်စုံစေရန် သက်ကြီးပူဇော်ပွဲ၊ မိဘ၊ ဆရာ၊ ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲများ ကျင်းပလေ့ရှိကြသည်။

သက်ကြီးမိဘဘိုးဘွားများသည် တစ်ချိန်က လူ့ဘောင်လောကကောင်းကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးခဲ့ကြပြီး အိုမင်းသည့်တိုင်အောင်လည်း နိုင်ငံ့တာဝန်အသီးသီးကို တတ်စွမ်းသမျှထမ်းဆောင်နေကြဆဲဖြစ်ပါသည်။ သက်ကြီးရွယ်အိုများ၏ ဗဟုသုတကြွယ်ဝခြင်း၊ ရင့်ကျက်သောစိတ်ထားရှိခြင်း၊ အသိအမြင် ဆင်ခြင်တုံတရားကောင်းမွန်ခြင်းတို့သည် ငယ်ရွယ်သူတို့အတွက် ဘဝခရီးလျှောက်လှမ်းရာတွင် ပံ့ပိုးထိန်းကျောင်းပေးနိုင်သည်။ သင်ကြားလမ်းညွှန်မှုများပြုပေးနိုင်သည့်အပြင် တော်တည့်မှန်ကန်သောအကြံကောင်းများ ပေးစွမ်းနိုင်ပါသည်။

လူမှုအဖွဲ့အစည်းအပေါ် တစ်ချိန်က တာဝန်ကျေပွန်ခဲ့သော သက်ကြီးမိဘဘိုးဘွားများ၏ ဂုဏ်ရည်ကိုရည်မှန်း၍ သက်ကြီးပူဇော်ပွဲများ နှစ်စဉ်ကျင်းပပေးခြင်းသည် ကောင်းမွန်သော အစဉ်အလာဖြစ်သော်လည်း ဘိုးဘွားတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် တတ်နိုင်သည့်ဘက်မှ ပြုစုစောင့်ရှောက်ရေးသည် ပိုမိုလိုအပ်ပါသည်။ သက်ကြီးမိဘဘိုးဘွားများ၏ အားသာချက်အပြင် အားနည်းချက်များရှိသည်ကို နားလည်လက်ခံပေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းစောင့်ရှောက်ခြင်း မျှဝေလက်ခံပေးခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာစောင့်ရှောက်ခြင်းအပြင် စိတ်ပိုင်းဆိုင်ရာစာနာလက်ခံပေးခြင်း စောင့်ရှောက်မှုတို့ဆောင်ရွက်ပေးပါက သက်ကြီးမိဘဘိုးဘွားတို့၏ဘဝသည် အိုဇာတာကောင်းပြီး လက်ကျန်အချိန်များကို စိတ်ချမ်းသာစွာဖြတ်သန်းနိုင်မည်ဖြစ်ပါသည်။

သက်ကြီးမိဘဘိုးဘွားများသည် ၎င်းတို့၏ကလေးများကို တစ်ချိန်တုန်းက ပန်းလိုစိုက်ပျိုးပြုစုပျိုးထောင်ပေးခဲ့သည်။ သက်ကြီးမိဘဘိုးဘွားတို့၏ တစ်ချိန်က ဖြည့်ဆည်းပံ့ပိုးပေးမှုကြောင့် လူငယ်များမှာ ယနေ့အခါ ဘဝတွင် လူတစ်လုံးသူတစ်လုံးအဖြစ် ရပ်တည်နိုင်ခြင်းပင်ဖြစ်သည်။ ယခုတစ်ဖန် မိမိတို့က သက်ကြီးမိဘဘိုးဘွားများအပေါ် စာနာစိတ်ဖြင့် ဖြည့်ဆည်းစောင့်ရှောက်ကြမှသာ မိမိတို့၏မျိုးဆက်များတွင်လည်း ကောင်းမွန်သော အတုမြင်အတတ်သင်မှုကိုဖြစ်စေမည်။ ထိုမှ ကြီးသူကိုရိုသေဟူသော စကားနှင့်အညီ မင်္ဂလာတရားနှင့်ညီသော လူမှုအဖွဲ့အစည်းအဖြစ် ရပ်တည်နေမည်ဖြစ်ပါသည်။

ထို့ကြောင့် မိဘဘိုးဘွား သက်ကြီးရွယ်အိုတို့၏ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်၊ လူမှုရေးအထီးကျန်ဆန်မှုတို့မှ ကင်းဝေးစေရန် စာနာဆပွား နားလည်ပေးကြရန်လိုအပ်သည့်နည်းတူ သက်ကြီးသူတို့၏ စွမ်းအားများဖြစ်သည့် ဘဝအတွေ့အကြုံ၊ အသိပညာများကိုလည်း နိုင်ငံတော်တည်ဆောက်ရေးတွင် စွမ်းအားများအဖြစ် အသုံးချနိုင်ကြရပါမည်။ သက်ကြီးမိဘဘိုးဘွားတို့၏ အိုဇာတာကောင်းမွန်ရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တာဝန်သိ မျိုးဆက်သစ်များက မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်းဖြည့်ဆည်း တည့်မတ်ပြုပြင်ပေးကာ ကောင်းမွန်သော ယဉ်ကျေးမှုကို အစဉ်အဆက် ဆက်လက်ကျင့်သုံးကြမှသာ နိုင်ငံတော်၏အနာဂတ်အရေး စိတ်အေးရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# လယ်မြေများအတွင်း ခွင့်ပြုချက်မရှိ အခြားနည်းဖြင့်အသုံးပြုထားသည့် နေအိမ်အဆောက်အအုံများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းစည်းဝေး



**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာနှင့်ကန်ကောက်ကျေးရွာတို့ရှိ လယ်မြေများအတွင်း ခွင့်ပြုချက်မရှိ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုထားသည့် နေအိမ်အဆောက်အအုံများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က နန်းဦးလွင်ကျေးရွာနှင့် ကန်ကောက်ကျေးရွာတို့ရှိ လယ်မြေများအတွင်း ခွင့်ပြုချက်မရှိ အခြားနည်းဖြင့်ကျူးလွန်အသုံးပြုထားသည့် နေအိမ်အဆောက်အအုံများနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ရန် ကော်မတီကို ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ပြီး နိုင်ငံတော်၏ မူဝါဒများနှင့်အညီ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ရေ၊ မီး၊ လမ်း စနစ်တကျဖြစ်စေရေးကိုလည်း ထည့်သွင်း၍ အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာနှင့်ကန်ကောက်ကျေးရွာတို့ရှိ လယ်မြေများပေါ်တွင် ခွင့်ပြုချက်မရှိ ကျူးလွန်အသုံးပြုထားသည့် နေအိမ်များနှင့်ပတ်သက်၍ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး၊ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် အတွင်းရေးမှူး ဦးဝေဇင်ထွန်းတို့က ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး ကော်မတီအဖွဲ့ဝင်ဖြစ်သည့် အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့်ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံမျိုးစုံ ၄၈၁၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံမျိုးစုံ ၄၈၁၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံမျိုးစုံ ဧက ၈၂၄၂၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၈၁၈၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းမြို့နယ်အတွင်း ပဲသီးနှံမျိုးစုံ ဧက ၈၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၈၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်။ ပဲသီးနှံမျိုးစုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ပဲသီးနှံမျိုးစုံအလိုက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးကြိုပဲတီစိမ်း ၃၂၂ ဧက၊ မိုးပဲတီစိမ်း ၂၂၅၄၇ ဧက၊ ပဲစင်းငုံ ၁၇၉၂၃ ဧက၊ ပဲလွမ်း ၂၇၁ ဧကနှင့် အခြားပဲ ၇၁၂၇ ဧက စုစုပေါင်း ၄၈၁၈၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံမျိုးစုံ စိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မိုးကြိုပဲတီစိမ်း ၃၅၄ ဧက၊ မိုးပဲတီစိမ်း ၄၅၁၉၄ ဧက၊ ထောပတ်ပဲ ၉၁၈ ဧက၊ စွန်တာပြာ ဧက ၁၁၅၀၊ ပဲစင်းငုံ ၁၉၇၈၉ ဧက၊ ပဲလွမ်း ၄၅၇ ဧကနှင့် အခြားပဲ ၁၄၅၅၈ ဧက စုစုပေါင်းဧက ၈၂၄၂၀ တို့ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ပြည်ပကဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲပုပ်(ဗမာ)များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဩဂုတ် ၃**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ဩဂုတ်လ ပထမပတ်အတွင်း ပဲပုပ်(ဗမာ)များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ပဲပုပ်(ဗမာ)များကို တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံဘက်က ပြန်လည်ဝယ်ယူမှုများရှိလာပြီး ပြည်တွင်း၌လည်း ပဲပုပ်(ဗမာ)များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ ဇူလိုင်လနောက်ဆုံးပတ်က ပဲပုပ်(ဗမာ)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်အေးနေခဲ့ကြောင်း သိရသည်။

"ပဲပုပ်(ဗမာ)ကုန်စည်ကတော့ မန္တလေးဈေးကွက်အတွင်းကော၊ အခြားမြို့တွေကကော၊ ပြည်ပကပါ အဝယ်တော်တော်လေး လိုက်လာတယ်။ ပြည်တွင်းမှာ ပဲပုပ်(ဗမာ) အရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေလဲ အလုပ်အကိုင်အဆင်ပြေနေပါတယ်။ နောက်ပိုင်းမှာလဲ ပဲပုပ်(ဗမာ) ဒီထက်အရောင်းအဝယ်ကောင်းမွန်လာဖို့ရှိနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဩဂုတ် ၂ ရက်ပေါက်ဈေးအရ ပဲပုပ်(ဗမာ) ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

"ပဲပုပ်(ဗမာ)က ပြည်တွင်းစားသုံးမှုကတော့ အများဆုံးပါ။ ပြည်ပတင်ပို့မှုကတော့ အိန္ဒိယနိုင်ငံနဲ့တရုတ်နိုင်ငံဘက်ကို အများဆုံးတင်ပို့ပါတယ်။ အခုလတ်တလော ပြည်ပကကုန်သည်တွေက မှာယူမှုများနေလို့ ပဲပုပ်(ဗမာ)က အရောင်းအဝယ် ကောင်းမွန်လာပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**မလှိုင် ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျှော့ကျစေရန် ရည်ရွယ်၍ ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၅ သိန်းဖြင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဒဟတ်ပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၆၁ ဦးကို ငွေကျပ် ၄၁ ဒသမ ၈၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၇ ဦးကို ငွေကျပ် ၁၁ ဒသမ ၇၅ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၈၀ ငွေကျပ် ၅၅ သိန်းကို ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**




မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေး ပြည်ကြီးတံခွန်မြို့နယ်နေ ဦးလှမင်းမော်-ဒေါ်လင်းလင်းမြတ် မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးသလောက် ပိဿာချိန် ၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးသလောက် ပိဿာချိန် ၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဇွန်လအတွင်းက ငါးသလောက်ပိဿာချိန် ၆၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ငါးသလောက် ပိဿာချိန် ၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု များပြားနေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်မြို့ကိုပုံမှန်အတိုင်း တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ငါးသလောက် ပိဿာချိန် ၉၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ငါးသလောက်ကလဲ လတ်ဆတ်မှုနဲ့အရွယ်အစားအလေးချိန်အပေါ်မူတည်ပြီးဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိလဲ ငါးသလောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဖျာပုံမြို့နယ်ကနေထွက်ရှိတဲ့ ငါးသလောက်တွေကို ဒေသတွင်းအပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဖျာပုံမြို့နယ်မှတင်ပို့ရောင်းချခဲ့သည့် ငါးသလောက် အသေးတစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၊ အလတ် တစ်ပိဿာလျှင်ငွေကျပ် ၂၇၀၀၀ မှ ၃၅၅၀၀၊ အကြီး တစ်ပိဿာလျှင် ၅၅၀၀၀ မှ ၇၅၀၀၀ ထိအရွယ်အစားအပေါ်မူတည်ကာ ဈေးအပြောင်းအလဲရှိကြောင်း၊ အဆိုပါ ငါးသလောက်များ ပုံမှန်အတိုင်းတင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင်အရောင်းအဝယ်လုပ်ငန်းရှင်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ၁၇ ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ၁၇ ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ သီရိရတနာခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲ၌ ဘာသာရပ်ဌာန ၁၅ ခုမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများ စုစုပေါင်း သွေးအလှူရှင် ၂၀၀ ကျော် ပါဝင်လှူဒါန်းရာ မန္တလေးပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာစုလှိုင်ဦးနှင့်အဖွဲ့မှဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးလှူရှင်များကို သွေးမလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးနေမှုများနှင့် သွေးများလက်ခံဆောင်ရွက်ပေးနေမှုများ၊ သွေးလှူဒါန်းနေမှုများကို မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်နှင့် ပါမောက္ခ (ဌာနမှူး)များက လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူရှင်များကို အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့သည်။

ယနေ့ စုပေါင်းသွေးလှူဒါန်းပွဲတွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများက သွေးလှူရှင်များမှ လှူဒါန်းထားသော သွေးအိတ် ၂၀၀ ကျော်ကို မန္တလေးပြည်သူ့ဆေးရုံကြီး၊ သွေးလှူဘဏ်တာဝန်ခံ ဆရာဝန်ထံသို့ လှူဒါန်းရာ သွေးလှူဘဏ်တာဝန်ခံက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မျိုးကျော်**

# ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၃၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၃၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် မိုးစပါး ၁၀၉၄၉၅ ဧကစိုက်ပျိုးရန်လျာထားပြီး ဇူလိုင်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ မိုးစပါး ၁၀၉၄၉၅ ဧကစိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ၂၃၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးသတ်မှတ်လျာထားချက်ပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးသွားမှာပါ။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)



# စီးပွားရေးလုပ်ငန်းလုပ်သူများ ကံကောင်းစေဖို့

မျိုးသူ(ကုန်သွယ်မြင့်)

ကောင်းခြင်း၊ ဆိုးခြင်းဟူသည် မည်သည့်နေရာမဆို ရှိနေသည်။ လူတို့သည်ကောင်းခြင်းနှင့်သာ ကြုံတွေ့လိုပြီး ဆိုးခြင်းကိုကြုံတွေ့လိုခြင်းမရှိကြပါ။ သို့သော် အချို့လူတို့သည် မိမိလုပ်သောအလုပ်ကိုကောင်းသောအလုပ်လား၊ မကောင်းသောအလုပ်လားဆိုသည်ကို တစ်ခါတစ်ရံတွင် မခွဲခြားတတ်ပါ။ သုခဟုထင်သောကောင်းခြင်းများကိုသာ ရလဒ်အနေဖြင့်ရလိုကြသည်။ ဘဝ၏ အစိတ်အပိုင်းဖြစ်သော လုပ်ကိုင်သည့်အလုပ်၊ စီးပွားရေးကို အကောင်းဆုံး၊ အကျိုးရှိဆုံးရချင်သည်။ ထီပေါက်လျှင် ကံကောင်းသည်၊ ငွေကောက်ရလျှင် ကံကောင်းသည်၊ ခလုတ်တိုက်လျှင် ကံမကောင်း၊ စီးပွားရေးလုပ်ရာတွင် အမြတ်များများရလျှင် ကံကောင်းသည်၊ ရှုံးလျှင် ကံမကောင်းဟုသတ်မှတ်ကြသည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ကြရာတွင် လုပ်ငန်းတိုင်းမှ ငွေဝင်နေလျှင် ကံကောင်းသည်ဟုသတ်မှတ်ပြီး အမြတ်များများရရေးကိုကြိုးစားကြသည်သာဖြစ်သည်။ မည်သူမဆိုကံကောင်းချင်ကြသည်။ လုပ်သောစီးပွားရေးလုပ်ငန်းတိုင်းမရှုံးချင်ပါ။ မြတ်ချင်ကြသည်။ ကံကောင်းစေရန် မည်သည့်ကိစ္စများလုပ်ရမည်နည်း။ ပါမောက္ခချုပ်ဆရာတော်ကြီးက "အလုပ်ကောင်းလျှင် ကံကောင်းမည်။ အလုပ်ကောင်းရန်အတွက် စိတ်ကောင်းနှင့်ယှဉ်ရမည်။ အကျင့်စာရိတ္တကောင်းရမည်။ ထို့ပြင် အလုပ်များကို ဝီရိယရှိရှိလုပ်ရမည်။ မပျင်းနှင့် အချိန်မဆွဲနှင့်"ဟု မြွက်ဆိုသည်။ သို့ဖြစ်၍ မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေ ကံကောင်းခြင်းဖြစ်ရန်အတွက် အောင်မြင်ရမည်။ အကျိုးကျေးဇူးရှိရမည်။ ထိုသို့ အလုပ်တွင်ကံကောင်းခြင်းများရရှိရန်၊ အောင်မြင်ရန်မှာ ပျင်းရိခြင်းနှင့်အချိန်ဆွဲခြင်းတို့ကို ကျော်လွှားနိုင်ရမည်ဖြစ်သည်။ ရုတ်တရက်ကြည့်လျှင် ပျင်းရိခြင်းနှင့်အချိန်ဆွဲခြင်းသည် တူသယောင်ရှိသည်။ သို့သော် သေချာစဉ်းစားသည့်အခါ မတူညီသည်ကိုတွေ့ရသည်။ မည်သို့ပင်ဖြစ်စေ ပျင်းရိခြင်းမရှိစေရန်နှင့် အချိန်ဆွဲမိခြင်းကို ကျော်လွှန်နိုင်ရန် လိုအပ်သည်။ အချိန်ဆွဲခြင်းသည် လုပ်သင့်လုပ်ထိုက်သောလုပ်ငန်းကို မလုပ်ဘဲ အချိန်ပိုမိုရယူကာ ပြီးစီးအောင်လုပ်ရမည့်အချိန်တွင် ပြီးစီးအောင် မဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ ပျင်းရိခြင်းမှာမူလုပ်သင့်သောအလုပ်ကို ထကြွလှုံ့လဖြင့်လုပ်ရန် စိတ်မပါခြင်း၊ လုပ်ချင်စိတ်မရှိခြင်း၊ သက်သာသလိုနေလိုခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ရမည်။

**အချိန်ဆွဲခြင်း**

ကျွန်တော်တို့ဘဝသက်တမ်းတွင် စားချိန်၊ နေချိန်၊ အိပ်ချိန်၊ စီးပွားရေးအတွက်အလုပ်လုပ်ချိန်တို့ကို တစ်ပိုင်းစီ အချိန်များပေါင်းစပ်ကြည့်မည်ဆိုလျှင် အလွန်နည်းပါးသည်ကို တွေ့နိုင်သည်။ ဘဝသက်တမ်းကို ၇၅ နှစ်ဟုထားပြီး ရက်ဖြင့်တွက်မည်ဆိုလျှင် ရက်ပေါင်းမှာ ၂၇၃၇၅ ရက်သာရှိသည်။ ၂၄ နာရီတစ်ရက်တွင် အလုပ်လုပ်ချိန်သည် ခြောက်နာရီဆိုပါက တစ်ရက်၏လေးပုံတစ်ပုံကိုသာ အလုပ်လုပ်ပြီး ကျန်သုံးပုံမှာ အိပ်ခြင်း၊ စားခြင်းနှင့်အခြားကိစ္စများအတွက် အချိန်ပေးထားကြောင်းတွေ့နိုင်သည်။ အချိန်ဆွဲခြင်းသည် ထိုအလုပ်လုပ်ချိန်ထဲတွင် အကျိုးမရှိသောအလုပ်များကို အချိန်ပေးလိုက်ခြင်းဖြစ်သည်။

အချိန်ဆွဲခြင်းနှင့်ပတ်သက်၍ အကျီချုပ်သည့်ဆိုင်များကို စက်ချုပ်ဆိုင်ဟုခေါ်ကြပြီး အကျီကိုကိုယ်တိုင်းဖြင့်အထည်အပ်သည့်အခါ မည်သည့်ရက်တွင်ရမည်ဟု ရက်ချိန်းပေးပြီး ချိန်းသည့်ရက်သွားယူလျှင် မရဘဲ အကြိမ်ကြိမ်ရက်ချိန်းပေးတတ်သည့် အကျီချုပ်ဆိုင်မျိုးကို စက်ကြာဆိုင်ဟု ခေါ်တတ်သည်။ ထိုကိစ္စမှာ ထင်ရှားသောအချိန်ဆွဲခြင်းနှင့် ရက်ချိန်းမမှန်ခြင်းအတွက် ထင်ရှားသော ဥပမာတစ်ခုဖြစ်သည်။ အချိန်ဆွဲခြင်းသည် မိမိစီးပွားရေးအလုပ်ကို ထိခိုက်စေသည်။ ပြီးစီးရမည့်အချိန်တွင် မပြီးသဖြင့် ရက်ချိန်းပျက်သည်။ သတ်မှတ်အချိန်တွင် ပြီးအောင် အလောတကြီးလုပ်ကိုင်ကြရသဖြင့် အမှားအယွင်းများပြားတတ်သည်။ အချိန်မီလုပ်၍ ပြီးသော်လည်း ထုတ်လုပ်သော ပစ္စည်းသည် အရည်အသွေးမကောင်း၊ အရည်အသွေးညံ့ဖျင်းတတ်သည်။ ရက်ချိန်းမမှန်သဖြင့် ဖောက်သည်၏ ယုံကြည်မှုပျက်ပြားတတ်သည်။ ထို့ပြင် အရည်အသွေးညံ့ခြင်း၊ အချိန်မမှန်ခြင်း စသည့်အချက်များကြောင့် ဖောက်သည်များ၊ ဝယ်ယူသူများ၏ စိတ်ကျေနပ်မှုကို မရရှိနိုင်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းတစ်ခု၏ အခွင့်အလမ်းများ ပျောက်ဆုံးကြရသည်။ အရည်အသွေးမမှန်သောပစ္စည်းများထုတ်လုပ်မိသဖြင့် အန္တရာယ်အမျိုးမျိုးကိုလည်း တွေ့ကြုံရတတ်သည်။ နာမည်ပျက်ခြင်းကိုကြုံရတတ်သည်။ ထင်ရှားကောင်းမွန်သောလုပ်ဆောင်ချက်များနှင့် လွဲချော်ရတတ်သည်။ ငွေကြေးအကျိုးအမြတ်တွင်လည်း ရေရှည်တွင်ထိခိုက်တတ်လာသည်။

> ❖ ကံကောင်းစေရန်မည်သည့်ကိစ္စများလုပ်ရမည်နည်း။ ပါမောက္ခချုပ် ဆရာတော်ကြီးက "အလုပ်ကောင်းလျှင် ကံကောင်းမည်။ အလုပ်ကောင်းရန် အတွက် စိတ်ကောင်းနှင့်ယှဉ်ရမည်။ အကျင့်စာရိတ္တကောင်းရမည်။ ထို့ပြင် အလုပ်များကိုဝီရိယရှိရှိလုပ်ရမည်။ မပျင်းနှင့်အချိန်မဆွဲနှင့်"ဟု မြွက်ဆိုသည်။ သို့ဖြစ်၍ မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေ ကံကောင်းခြင်းဖြစ်ရန်အတွက် အောင်မြင်ရမည်။ အကျိုးကျေးဇူးရှိရမည်။ ထိုသို့ အလုပ်တွင်ကံကောင်းခြင်းများရရှိရန်၊ အောင်မြင်ရန်မှာ ပျင်းရိခြင်းနှင့် အချိန်ဆွဲခြင်းတို့ကို ကျော်လွှားနိုင်ရမည်ဖြစ်သည်။ ❖

ယုံကြည်ဆက်ဆံမှုများပျက်ပြားတတ်သည်။ မိမိ၏ စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုလည်း ထိခိုက်စေသည်။ အချိန်ဆွဲတတ်သည့်အကျင့်သည် အကျင့်တစ်ခုလိုဖြစ်လာတတ်သည်။ ထိုအကျင့်ဆိုးကို ပြင်ရခက်ပြီး ကိုယ်တိုင်ကလိုလိုလားလားနှင့်ပြုပြင်မှသာ အချိန်မှန်နှင့်အချိန်ကို ကောင်းစွာသုံးစွဲတတ်မည်ဖြစ်သည်။

**အချိန်ဆွဲခြင်းကိုကျော်လွှန်ရေး**

**အလုပ်သေးသေးများမှ စတင်ပြင်ဆင်ပါ။** ကျွန်တော်တို့သည် အချိန်ဆွဲတတ်သည့်အကျင့်ကို ချက်ချင်းထ၍ လုပ်သည့်အကျင့်သို့ပြောင်းရမည်ဖြစ်သည်။ အလုပ်တစ်ခုကို ပြီးစီးသည်ထိ လုပ်ကိုင်ခြင်း၊ အချိန်မဆွဲဘဲလုပ်နိုင်လာခြင်းဖြင့် အချိန်မဆွဲတတ်သည့်အကျင့်ကို ရရှိလာမည်ဖြစ်သည်။ အချိန်ဆွဲခြင်းကို Do it now (ချက်ချင်းလုပ်)ဟုမိမိကိုယ်ကို အမိန့်ပြန်ပေးပြီး လုပ်ကိုင်ခြင်းဖြင့် အချိန်ဆွဲပြီးအလုပ်မပြီးသေးခြင်းကို ကျော်လွှန်အောင်လုပ်ကိုင်ရမည်ဖြစ်သည်။ လေ့ကျင့်ပေးခြင်းဖြင့် အချိန်ဆွဲတတ်သည့်အကျင့်ကိုပြင်ဆင်နိုင်သည်။

**အစီအစဉ်ချမှတ်ဆောင်ရွက်ပါ။** မည်သည့်အလုပ်ကိုမဆို၊ အချိန်စာရင်းနှင့် အစီအစဉ်များချမှတ်ထားပြီးဆောင်ရွက်သွားပါ။ ကုန်ပစ္စည်းထုတ်ပေးရမည့်အချိန်တွင် အခြားသောအချိန်များနှင့်တိုက်ဆိုင်ခြင်းမရှိစေရန် ကြိုတင်ပြင်ဆင်ထားပါ။ အထူးသဖြင့် နှစ်ရှည်၊ နှစ်တိုစီမံကိန်းများကို စီးပွားရေးလုပ်ငန်းကြီးများတွင်ချမှတ်ထားရန်လိုအပ်သကဲ့သို့ လုပ်ငန်းငယ်လေးများတွင်လည်း တစ်နှစ်စာ၊ တစ်လစာစီမံချက်များကို ကြိုတင်ပြင်ဆင်ထားသင့်သည်။ ရေးဆွဲချမှတ်ထားသင့်သည်။ ထို့ပြင် တစ်ပတ်စာဆောင်ရွက်မည့်အစီအစဉ်များကို To-Do-List ဆောင်ရွက်ရန်လုပ်ငန်းများကိုမှတ်သားထားပြီး အချိန်စီမံခန့်ခွဲခြင်းများကိုချမှတ်ဆောင်ရွက်ခြင်းအားဖြင့် အချိန်ဆွဲမိခြင်းမျိုးကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ ဆောင်ရွက်ရန်မှတ်သားထားသောအချက်များတွင် မိမိလုပ်နိုင်သည့်အချက်များ၏ ၇၀ ရာခိုင်နှုန်းကျော်ကို ဆောင်ရွက်နိုင်လျှင် အချိန်ဆွဲမှုလျော့နည်းလာပြီဟုဆိုနိုင်သည်။

**ပြီးဆုံးအောင်လုပ်ပါ။** ကျွန်တော်တို့သည် အလုပ်တချို့ကို ပြီးဆုံးအောင် ဆောင်ရွက်မထားတတ်ပါ။ ဥပမာအားဖြင့် ဆန်ရောင်းနေစဉ်တွင် ဖုန်းလာပါက ဖုန်းကိုလည်းပြောချင်၊ ဆန်လည်းရောင်းချင်နှင့် လွဲချော်မှုများဖြစ်လာတတ်သည်။ ဆန်ရောင်းခြင်းကို ပြီးဆုံးအောင်လုပ်ပြီးမှ ဖုန်းပြောခြင်းကို ဆောင်ရွက်သင့်သည်။ အကယ်၍ အရေးကြီး၍ ချက်ချင်းကိုင်ရမည့်ဖုန်းဖြစ်လျှင် ဆန်ရောင်းခြင်းကို အခြားသူအားလွှဲပေးခြင်း သို့မဟုတ် ခေတ္တရပ်ထားခြင်းဆောင်ရွက်ပြီးဖုန်းပြောခြင်းကို ပြီးအောင်လုပ်သင့်သည်။ ထို့ပြင် အလုပ်ကြီးတစ်ခုကိုလုပ်ခါနီးတွင် အလုပ်ငယ်လေးများကို ပြီးဆုံးအောင်လုပ်ထားသင့်သည်။

**စိတ်အနှောင့်အယှက်ဖြစ်စရာများကို ဖြတ်ထားပါ။** စိတ်အနှောင့်အယှက်ဖြစ်စရာ၊ စိတ်ရှုပ်ထွေးစရာများကို ဖြတ်ထားရန်လိုအပ်သည်။ ခေတ္တဖြစ်စေမေ့ထားရန်လိုအပ်သည်။ အထူးသဖြင့် လုပ်ငန်းတစ်ခုကိုလုပ်ကိုင်ရန်အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ၊ စိတ်ရှုပ်ထွေးစရာမျိုးကို လမ်းစဖြတ်ထားရန်လိုအပ်သည်။ အကယ်၍ အသေးအဖွဲ့အလုပ်များကိုလုပ်ရသည့်အခါမျိုးတွင်လည်း မူလလုပ်ငန်းကိုပြန်လည်လုပ်ကိုင်ပြီး ပြီးဆုံးအောင်ဆောင်ရွက်ရန်လိုအပ်သည်။

**ကိုယ့်ကိုယ်ကိုယ်ချစ်ပါ။** တစ်ခါတစ်ရံတွင် ပင်မလုပ်ငန်းကြီးမပြီးသေးဘဲ အခြားသောလုပ်ငန်းငယ်များ၊ စိတ်အပန်းဖြေသည့်ကိစ္စများ ဥပမာ-ဖုန်းသုံးကာဂိမ်းကစားခြင်းကိုလုပ်နေသဖြင့် ပင်မလုပ်ငန်းကြီးပြီးစီးရန်အတွက် အချိန်ပိုဆင်းလုပ်ရခြင်း၊ ပိုမိုကြာမြင့်ပင်ပန်းစွာဆောင်ရွက်ရခြင်းမျိုး ကြုံရတတ်သည်။ အထူးသဖြင့် လောင်းကစား၊ အပျော်အပါးကိစ္စများကိုအချိန်ပေးနေခြင်းဖြင့် မူလလုပ်ငန်းတွင် လစ်ဟာမှုများကြုံရတတ်သည်။ ထို့ကြောင့် အပျော်အပါးကိစ္စများသည် မည်သည့်အချိန်တွင်မဆိုလုပ်နိုင်ပြီး ပင်မလုပ်ငန်းကဲ့သို့ အကျိုးအမြတ်များမည့်ကိစ္စမျိုးမဟုတ်သည်မှာ သေချာသည်။ ထို့ကြောင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ရမည့်အလုပ်များမပြီးမီ စိတ်အလိုမလိုက်မိစေရန် အထူးသတိပြုရမည်ဖြစ်သည်။ ထိုကဲ့သို့ အလုပ်များကို ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းသည် ကိုယ့်ကိုယ်ကိုယ်ချစ်ခြင်း၊ မိမိကျန်းမာရေးကိုပိုမိုဂရုစိုက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ်ချစ်ပါဟုပြောလိုသည်။ ဤအချက်ငါးချက်ကိုလုပ်ကိုင်ကြည့်ခြင်းဖြင့် အချိန်ဆွဲခြင်းကိုကျော်လွှားနိုင်ပြီး လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုအခါ အကျိုးအမြတ်နှင့်ကံကောင်းခြင်းများကို မုချရရှိလာမည်ဖြစ်သည်။ ထို့ကြောင့် အောင်မြင်သည့်စီးပွားရေးသမား၊ ကံကောင်းသည့်လုပ်ငန်းရှင်ဖြစ်လာစေရန် အချိန်မဆွဲပါနှင့်ဟုဆိုချင်သည်။

**ပျင်းရိခြင်း**


ပျင်းရိခြင်းသည် အချိန်ဆွဲခြင်းနှင့်မတူသော်လည်း ကံမကောင်းမှုများကိုဖြစ်စေသည့် အကြောင်းတစ်ရပ်ဖြစ်သည်။ အလုပ်မလုပ်လိုခြင်း၊ စိတ်မပါခြင်း၊ အချောင်ခိုခြင်း စသည့်အချက်များသည် ပျင်းရိခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ ကျွန်တော်ကြားဖူးသည်မှာ လူပျင်း ခြောက်မျိုးရှိသည်။ ဥစ္စာမရထိုက်သည့် လူပျင်းခြောက်မျိုးကို အောက်ပါကဗျာလေးဖြင့် မှတ်သားထားဖူးသည်။ "အချမ်းပြည့်ဝှန်၊ အလွန်ပူနိုး၊ မိုးချုပ်လှမော၊ စောလွန်းလှယောင်၊ ဆာလောင်ပြင်းလှ၊ ဝမ်းဝလွန်းထွေ၊ နေကဥစ္စာ မဖြစ်ရာသည် ခြောက်ဖြာပျင်းသူ့အပြစ်တည်း"ဟူ၍ ဖြစ်သည်။ ထိုအထဲတွင် ချမ်းအေးခြင်း၊ ပူလောင်ခြင်း၊ မိုးချုပ်ခြင်း၊ စောလွန်းခြင်း၊ ဆာလောင်ခြင်းနှင့် ဝမ်းဝဗိုက်လေးခြင်းတို့ကြောင့် အလုပ်မလုပ်လိုသူများကို ပျင်းသူများဟုသတ်မှတ်ထားသည်။ ယခုခေတ်တွင် တယ်လီဖုန်းပွတ်၊ ဂိမ်းကစားပြီး မည်သည့်အလုပ်မျှမလုပ်ခြင်းမျိုးကိုလည်း လူပျင်းများထဲတွင် ထပ်မံထည့်သွင်းရမည်ဖြစ်သည်။ အဆိုပါပျင်းရိခြင်းကို ရပ်သွားစေရန်အောက်ပါအချက် ၁၀ ချက်ဖြင့် လုပ်ကိုင်နိုင်သည်။

- ရည်မှန်းချက်ကို သေချာစွာချမှတ်ပြီး စီမံပါ။
- ပြည့်စုံသည့်သူတစ်ယောက်အဖြစ် ကိုယ့်ဘာသာ မသတ်မှတ်ထားပါနှင့်။ အမြဲလေ့လာသင်ယူရန် လိုအပ်သည်ဟုခံယူပါ။
- မိမိကိုယ်ကို အဆိုးမမြင်ပါနှင့်။ မိမိကိုယ်ကို ဝေဖန်ပြစ်တင်၍ စိတ်ပျက်နေခြင်းကို ရှောင်ပါ။
- တက်တက်ကြွကြွဆောင်ရွက်ရမည့် အစီအစဉ်များကို ဖန်တီးပါ။
- ကိုယ့်ကိုယ်ကိုယ်အားပေးပါ။ မိမိ၏အားသာချက်များကိုအသုံးချပါ။
- လုပ်ကိုင်ခဲ့သည့်လုပ်ငန်းများတွင် အောင်မြင်မှုရခဲ့သည်များကို ပြန်၍အမှတ်ရပါ။
- လုပ်ငန်းအတွက် ကူညီနိုင်မည့်နည်းလမ်းများ၊ လူပုဂ္ဂိုလ်များကို မေးမြန်းစုံစမ်းထားပါ။
- စိတ်ပျက်၊ စိတ်ဆင်းရဲစရာများကို ရှောင်ရှားနိုင်အောင်ကြိုးစားပါ။ နောင်တဖြင့်သာ အချိန်မကုန်မိပါစေနှင့်။
- ငြီးငွေ့ဖွယ်ကောင်းသော အလုပ်များတွင် ပျော်ပျော်ရွှင်ရွှင်၊ တက်တက်ကြွကြွလုပ်နိုင်သည့် နည်းလမ်းများရှာပါ။
- လုပ်ငန်းတစ်ခုပြီးမြောက်လျှင် ကိုယ့်ဘာသာ ဆုချပါ။

**စိတ်ကောင်းနှင့်ယှဉ် ရွှေ့ရှုနှင်လော့**

ရွှေဟသာ်ာဆရာတော်ကြီး၏ အသင်းအဖွဲ့များအတွက် ဆောင်ရွက်ရမည့်ကိစ္စများကိုပြောသည့် လင်္ကာထဲတွင် "စိတ်ကောင်းနှင့်ယှဉ် ရွှေ့ရှုနှင်လော့" ဟူသောစကားလေးကို အထူးကြိုက်နှစ်သက်မိသည်။ မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေ စိတ်ကောင်းနှလုံးကောင်းရှိရေးသည် အလွန်အရေးကြီးသည်။ စိတ်ကောင်းထားခြင်းဖြင့် အခြားသူများအပေါ် စိတ်ယုတ်မာထားမိခြင်း၊ အကောက်ကြံမိခြင်း၊ အကျင့်စာရိတ္တ ပျက်ပြားမိခြင်းစသည်များကို ရှောင်ရှားပြီးဖြစ်တတ်သည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနများဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသဖြင့် လောဘလွှမ်းမိုးပြီး အမြတ်များစွာရရေးတစ်ခုတည်းကိုသာ ဦးတည်မိသည်နှင့်တစ်ပြိုင်နက် စိတ်ကောင်းနှလုံးကောင်းခြင်းများလည်း ရပ်ဆိုင်းသွားသည်ဖြစ်သည်။ ထို့ကြောင့် ကိုယ်ချင်းစာစိတ်၊ စာနာနားလည်စိတ်များနှင့် စိတ်ကောင်းမွေးကာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်သွားမည်ဆိုပါက နာမည်ဂုဏ်သတင်းကောင်းမွန်စွာ ကျော်စောခြင်းနှင့် အကျိုးအမြတ်များရရှိ၍ လုပ်ငန်းကြီးမားကျယ်ပြန့်လာခြင်းများ စသည့်စီးပွားရေးကံကောင်းခြင်းများကို ရယူပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ် ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# သဘောအမှန် မနောကြံ

- မိတ်ဖွဲ့လို သဘောဟန်နဲ့
မနောမှန် တွေးခဲ့ရင်၊
ရိုးပုံလွှာ ပွင့်လင်းလို့
ချဉ်းသင့်တယ်ထင်၊
မာယာဖွဲ့ ဉာဏ်ဆင်
တမင်စိတ် ရှောင်ရှား၊
ဖြဟ္မစိုရ် မေတ္တာ
တကယ်ကို စစ်ပါရင်
ညစ်တာတွေ အကုန်ဆေးမှ
စင်ဖွေး စိတ်ထား။

- ပကာသနတွေ သိပ်များ
မာနဝေ ထိပ်ဖျားနဲ့
အိပ်၍များ မပျော်လျှင်၊
စနစ်သဏ္ဌာန်
စစ်အမှန် ကျဉ်ဖယ်ဆွေး
ဝေးဖို့သာပြင်၊
အာစရိ သမ္မဇဉ်
နမာမိ ဉာဏ်ဝင်လို့
မှန်မြင်ကာ ဂါရဝထား၊
ဓားတစ်လက် ပုံနှယ်
အသွားထက် ဂုဏ်ထည်လို့
ပယ်သတ်နိုင် အဝိဇ္ဇာဆွေးကိုလည်း
အဆိပ်ပမာ တွေးလို့ရယ်
အသေးတို့ တောက်ကြွား။ ။

ညွန့်ဝင်း(နတ်တလင်း)

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၅၁၅ ဧက စိုက်ပျိုးပြီးစီး



**ကျွန်းလှ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၅၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၅၁၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၁၅ ဧကစိုက်ပျိုးနိုင်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကျွန်းလှမြို့နယ်အတွင်း ဟင်းသီးဟင်းရွက် ၅၁၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၁၅ ဧက စိုက်ပျိုးနိုင်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေ စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးခဲ့ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးခဲ့ပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ကွမ်းခြံကုန်းမြို့နယ် တိုက်ကြီးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွမ်းခြံကုန်း ဩဂုတ် ၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ တိုက်ကြီးကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၁၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များက တိုက်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၉၀ ကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေကျပ်သိန်း ၄၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်နိုင်

# ဥတ္တရသီရိမြို့နယ် မင်းနောင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နေပြည်တော် ဩဂုတ် ၃**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်မည့် မင်းနောင်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်က မင်းနောင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါအကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မင်းနောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်က ပြောပြ၍ သိရသည်။

ကိုညို

## နိုင်ငံတကာ သတင်းများ

# ဗီယက်နမ်သမ္မတတိုလမ်း ကွန်မြူနစ်ပါတီ အကြီးအကဲအဖြစ် ရွေးချယ်ခံရ



**ဟနွိုင်း ဩဂုတ် ၃**

ဗီယက်နမ်ကွန်မြူနစ်ပါတီသည် ယနေ့တွင် လက်ရှိသမ္မတတိုလမ်းကို ပါတီအထွေထွေအတွင်းရေးမှူးသစ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့သော ပါတီဗဟိုကော်မတီ အစည်းအဝေးတွင် ကွန်မြူနစ်ပါတီက လက်ရှိသမ္မတတိုလမ်းကို ပါတီအထွေထွေ အတွင်းရေးမှူးသစ်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီ အကြီးအကဲဟောင်း ငုယင်ဖူကျောက် ကွယ်လွန်ခဲ့ပြီး သီတင်းနှစ်ပတ်အကြာတွင် သမ္မတတိုလမ်းက ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးရာထူး ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါရာထူး ရခဲ့ပြီးနောက် သမ္မတတိုလမ်းသည် ဗီယက်နမ်နိုင်ငံရေး ဦးဆောင်မှုစနစ်အရ ဩဇာအာဏာအကြီးဆုံး ခေါင်းဆောင်ဖြစ်လာလိမ့်မည်ဖြစ်သည်။

ဗီယက်နမ်၏ ဩဇာအာဏာအကြီးဆုံး ခေါင်းဆောင်အဖြစ် နှစ်ပေါင်းများစွာ ရပ်တည်ခဲ့သော ငုယင်ဖူကျောက်သည် ဇူလိုင် ၁၉ ရက်တွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်၌ အသက် ၈၀ ရှိပြီဖြစ်သည်။

သမ္မတတိုလမ်းအနေဖြင့် ကွန်မြူနစ်ပါတီအကြီးအကဲ ရာထူးရပြီးနောက် သမ္မတရာထူးကိုပါ ဆက်လက်ရယူထားရန် အစီအစဉ်ရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အရှေ့အလယ်ပိုင်း၌ စစ်အင်အားထပ်တိုးရန် အမေရိကန်ပြင်ဆင်

**ဝါရှင်တန် ဩဂုတ် ၃**

အရှေ့အလယ်ပိုင်း ဒေသသို့ တိုက်လေယာဉ်များနှင့် ရေတပ်စစ်သင်္ဘောများ ထပ်မံစေလွှတ်ဖြန့်ကြက်မည်ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဟားမတ်စ်အုပ်စု ခေါင်းဆောင် အစ္စမေးလ်ဟာနီယာ လုပ်ကြံခံရမှုအတွက် အီရန်နှင့် ဒေသတွင်း မဟာမိတ်အုပ်စုများ အစ္စရေးကို လက်တုံ့ပြန်တိုက်ခိုက်မည့် အရေးရှိနေချိန်တွင် အရှေ့အလယ်ပိုင်းဒေသ၌ စစ်အင်အားထပ်မံဖြည့်တင်းရန် အမေရိကန်အစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အရှေ့အလယ်ပိုင်းဒေသသို့ တိုက်လေယာဉ်နှင့် တိုက်သင်္ဘောများ ထပ်မံစေလွှတ်ဖြန့်ကြက်ရေးအစီအစဉ်ကို အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်က အတည်ပြုချက်ပေးထားပြီးဖြစ်သည်။

တစ်ချိန်တည်းမှာပင် အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာနသည် ယူအက်စ်အက်စ် သီအိုဒိုရုစဗဲ့ လေယာဉ်တင်သင်္ဘော ဦးဆောင်သော ရေတပ်အုပ်စုကို အရှေ့အလယ်ပိုင်းဒေသ၌ပင် ဆက်လက်ထားရှိနိုင်ကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

ဟားမတ်စ်ခေါင်းဆောင် အစ္စမေးလ်ဟာနီယာသည် ဇူလိုင် ၃၀ ရက်က တီဟီရန်မြို့ရှိ ၎င်း၏ နေအိမ်၌ရှိနေစဉ် ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရပြီး အဆိုပါ ဗုံးခွဲလုပ်ကြံခံရမှုအတွက် အစ္စရေးတွင်တာဝန်ရှိကြောင်း အီရန်နှင့် ဒေသတွင်းမိတ်ဖက်များက စွပ်စွဲထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# တောင်ကိုရီးယားနိုင်ငံရှိ ကုလသမဂ္ဂစစ်ဌာနချုပ်၌ ၁၈ ဦးမြောက်အဖွဲ့ဝင်အဖြစ် ဂျာမနီနိုင်ငံပါဝင်လာ

**ဘာလင် ဩဂုတ် ၃**

တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်နိုင်ငံဦးဆောင်သော ကုလသမဂ္ဂစစ်ဌာနချုပ်၌ ဂျာမနီနိုင်ငံကလည်း အဖွဲ့ဝင်နိုင်ငံသစ်အဖြစ် ပါဝင်လာပြီဖြစ်ကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီး ဘောရစ်ပစ္စတိုရီးယပ်စ်က ဩဂုတ် ၂ ရက်တွင် ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံသည် တောင်ကိုရီးယားရှိ ကုလသမဂ္ဂစစ်ဌာနချုပ်၌ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လာသော ၁၈ ဦးမြောက် အဖွဲ့ဝင်နိုင်ငံသစ် ဖြစ်သည်။

ဂျာမနီနိုင်ငံ အနေဖြင့် ကုလသမဂ္ဂစစ်ဌာနချုပ် အဖွဲ့ဝင်နိုင်ငံသစ်အဖြစ် အေ ၃၁၉ အိုအိတ်ချ် အမျိုးအစား ကင်းထောက်လေယာဉ်ကို ယခုနှစ်စက်တင်ဘာလမှစ၍ တောင်ကိုရီးယားနိုင်ငံ၌ တပ်စွဲထားမည်ဖြစ်ကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

တောင်ကိုရီးယားရှိ ကုလသမဂ္ဂစစ်ဌာနချုပ်သည် ၁၉၅၀-၁၉၅၃ ကိုရီးယားကျွန်းဆွယ်စစ်ပွဲ အဆုံးသတ်ရေးအတွက် ရယူထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တည်မြဲမှုကို စောင့်ကြည့်ပေးနေသည့် ကုလသမဂ္ဂစစ်ဌာနချုပ်ဖြစ်သည်။

ကိုရီးယားကျွန်းဆွယ် ဒေသ၌ တင်းမာမှုများမြင့်တက်နေချိန်တွင် တောင်ကိုရီးယားရှိ ကုလသမဂ္ဂစစ်ဌာနချုပ်၌ အဖွဲ့ဝင်သစ်အဖြစ် ဂျာမနီနိုင်ငံ ပါဝင်လာခြင်းဖြစ်သည်။

ကုလသမဂ္ဂ စစ်ဌာနချုပ်သည် ကိုရီးယားနှစ်နိုင်ငံနယ်စပ် စစ်မဲ့ဇုန်၏ တောင်ကိုရီးယားဘက်ခြမ်းကို တာဝန်ယူ ကြီးကြပ်ပေးထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# မိုဂါဒစ်ရှူးဟိုတယ် တိုက်ခိုက်မှုကြောင့် လူ ၃၂ ဦးသေဆုံး၍ ၆၃ ဦး ဒဏ်ရာများရရှိ

**မိုဂါဒစ်ရှူး ဩဂုတ် ၃**

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့ ကမ်းရိုးတန်းဟော်တယ်တစ်လုံး၌ ဩဂုတ် ၂ ရက်တွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုတစ်ခုကြောင့် လူ ၃၂ ဦးသေဆုံး၍ ၆၃ ဦး ဒဏ်ရာများရခဲ့ကြောင်း ဆိုမာလီယာ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ကမ်းခြေဟိုတယ် တိုက်ခိုက်မှုအတွက် ၎င်းတွင်တာဝန်ရှိကြောင်း အယ်လ်ကိုင်ဒါ အကြမ်းဖက်အုပ်စုဩဇာခံ စစ်သွေးကြွအုပ်စုဖြစ်သည့် အယ်လ်ရှာဘတ်အုပ်စုက ကြေညာထားသည်။

မျက်မြင်သက်သေများ၏ အဆိုအရ မိုဂါဒစ်ရှူးကမ်းခြေဟိုတယ် တိုက်ခိုက်မှုကို အသေခံဗုံးဖောက်ခွဲသူတစ်ဦးက ကျူးလွန်ခဲ့ခြင်းဖြစ်နိုင်ကြောင်း သိရသည်။

အဆိုပါဟိုတယ်တည်ရှိရာ မိုဂါဒစ်ရှူးမြို့ လစ်ဒိုဘိချ်ကမ်းခြေနယ်မြေသည် ရှေးယခင်ကလည်း အယ်လ်ရှာဘတ်အုပ်စု၏ တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ခဲ့ရဖူးသည်။

အယ်လ်ရှာဘတ် အုပ်စုသည် ဆိုမာလီယာတောင်ပိုင်းနှင့်အလယ်ပိုင်းတို့ကို ထိန်းချုပ်ထားပြီး မိုဂါဒစ်ရှူးမြို့၌လည်း တိုက်ခိုက်မှုများ မကြာခဏ ကျူးလွန်လေ့ရှိသည်။

ဆိုမာလီယာသမ္မတ ဟက်ဆန်ရှိတ်ခ် မိုဟမ်မက်သည် ပြီးခဲ့သည့်နှစ်အတွင်း အယ်လ်ရှာဘတ်အုပ်စုကို စစ်ကြေညာထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# မနီလာမြို့ တရုတ်တန်းရပ်ကွက်၌ မီးလောင်မှုကြောင့် လူ ၁၁ ဦးသေဆုံးခဲ့



**မနီလာ ဩဂုတ် ၃**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ တရုတ်တန်းရပ်ကွက်ရှိ အဆောက်အအုံတစ်လုံး ဩဂုတ် ၂ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အထပ်ငါးထပ်ပါ အဆိုပါ အဆောက်အအုံ မီးလောင်မှုကို ဖိလစ်ပိုင်မီးသတ်တပ်ဖွဲ့က မီးသတ်ယာဉ် ၁၄ စီးဖြင့် နှစ်နာရီကြာအချိန်ယူ၍ ထိန်းချုပ်ခဲ့ရကြောင်း မနီလာ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တရုတ်တန်းရပ်ကွက်ရှိ ငါးထပ်အဆောက်အအုံ မီးလောင်မှုသည် မြေညီထပ်ရှိစားသောက်ဆိုင်မှတစ်ဆင့် စတင်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းကို ဖိလစ်ပိုင်တာဝန်ရှိသူများက ပြောကြားထားခြင်း မရှိသေးကြောင်း သိရသည်။

မနီလာမြို့ရှိ တရုတ်တန်းရပ်ကွက်သည် ကမ္ဘာပေါ်၌ ရှေးအကျဆုံး တရုတ်တန်းရပ်ကွက်များတွင် ပါဝင်သည်။

ဘေးအန္တရာယ် လုံခြုံရေးစည်းမျဉ်းများ လိုက်နာမှုအားနည်းချက်များကြောင့် ဖိလစ်ပိုင်နိုင်ငံ၌ လူအသေအပျောက်များသော မီးလောင်မှုများ ယခင်ကလည်း ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Rocketlab ကုမ္ပဏီက ကမ္ဘာ့ဂြိုဟ်လေ့လာရေး ရေဒါဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာ လွှတ်တင်ပေးခဲ့



**ဝါရှင်တန် ဩဂုတ် ၃**

အမေရိကန်နိုင်ငံ အခြေစိုက် Rocketlab ကုမ္ပဏီသည် ဩဂုတ် ၂ ရက်တွင် ကမ္ဘာ့ဂြိုဟ်လေ့လာရေး ရေဒါဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာ လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

Strix အမည်ရှိ ရေဒါဂြိုဟ်တုအား သယ်ဆောင်ထားသည့် အီလက်ထရွန်ဒုံးပျံကို နယူးဇီလန်နိုင်ငံမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် အီလက်ထရွန်ဒုံးပျံသည် Strix ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် အမြင့် ၃၃၇ မိုင်အကွာတွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

Strix ဂြိုဟ်တုကို ဂျပန်နိုင်ငံ အခြေစိုက် အာကာသနည်းပညာကုမ္ပဏီ တစ်ခုဖြစ်သည့် Synspectives ကုမ္ပဏီက တည်ဆောက်ထားခြင်းဖြစ်သည်။

Rocketlab ကုမ္ပဏီသည် Synspectives ကုမ္ပဏီ၏ Strix ဂြိုဟ်တုများကို ငါးစင်းထိ လွှတ်တင်ပေးထားပြီးဖြစ်သည်။

ဩဂုတ် ၂ ရက် Strix မစ်ရှင်သည် Rocketlab ကုမ္ပဏီ၏ ယခုနှစ်အတွက် ကိုးကြိမ်မြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ဥက္ကာခဲများကျရောက်မှု နောက်ဆက်တွဲရလဒ်အဖြစ် လကမ္ဘာပေါ်၌ လေထုလွှာပေါ်ထွက်လာခဲ့ရခြင်းဖြစ်နိုင်

**ဝါရှင်တန် ဩဂုတ် ၃**

ဥက္ကာခဲများကျရောက်မှု နောက်ဆက်တွဲရလဒ်အဖြစ် လကမ္ဘာပေါ်၌ လေထုလွှာ ပေါ်ထွက်လာခဲ့ရခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ဩဂုတ် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ မက်ဆာချူးဆက် နည်းပညာအင်စတီကျူမှ သိပ္ပံပညာရှင်များသည် အပိုလိုမစ်ရှင်များဖြင့် ရရှိထားသည့် လကမ္ဘာ ကျောက်သားနမူနာများကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသော ရလဒ်များအရ လကမ္ဘာ၏ လေထုလွှာသည် လပေါ်သို့ဥက္ကာခဲများ ကျရောက်မှုနောက်ဆက်တွဲအဖြစ် ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။



ဥက္ကာခဲများ ကျရောက်မှုကြောင့် လပေါ်၌ ၂၀၀၀ ဒီဂရီဆဲလ်စီယပ်မှသည် ၆၀၀၀ ဒီဂရီဆဲလ်စီယပ်ထိရှိသည့် အပူဓာတ် ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

ထိုမျှပြင်းထန်သော အပူချိန်ကြောင့် လမျက်နှာပြင် ကျောက်သားများအရည်ပျော်၍ အက်တမ်များ ထွက်ပေါ်လာပြီး လေထုလွှာ ပေါ်ထွက်လာရခြင်း ဖြစ်သည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

လကမ္ဘာ၏ လေထုလွှာသည် အလွန်ပါးလွှာပြီး လမျက်နှာပြင်အထက် ၆၂ မိုင်ထိသာ ဖြန့်ကြက်တည်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## Space-X အာကာသနည်းပညာကုမ္ပဏီက စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များကို ထပ်မံလွှတ်တင်ခဲ့

**ဝါရှင်တန် ဩဂုတ် ၃**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုသစ်များကို ဩဂုတ် ၂ ရက်တွင် ထပ်မံလွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ် ဂြိုဟ်တုသစ် ၂၃ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်လ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ကျော်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့် ကိုယ်ထည်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းစောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂ ရက်တွင် စတားလင့်ခ်မစ်ရှင်သည် Space-X အာကာသ နည်းပညာကုမ္ပဏီက သီတင်းတစ်ပတ် မပြည့်မီအတွင်း လွှတ်တင်ခဲ့သည့် စတုတ္ထမြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၂ ရက်မစ်ရှင်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် လွှတ်တင်ပြီး ၆၅ မိနစ်ခန့်အကြာတွင် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တုများကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် စတားလင့်ခ်မစ်ရှင်ပေါင်းသုံးခုထိ လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## အက်စပရင်ဆေး နေ့စဉ်သောက်သုံးပါက အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် ဩဂုတ် ၃**

အက်စပရင် (Aspirin) ဆေး နေ့စဉ်သောက်သုံးမှုသည် အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ဩဂုတ် ၂ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အက်စပရင်ကို နေ့စဉ်သောက်သုံးသူများသည် မသောက်သုံးသူများနှင့်နှိုင်းယှဉ်ပါက အူမကြီးကင်ဆာဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်းကျော်ပို၍နည်းပါးကြောင်း သိရသည်။

ထို့ပြင် အက်စပရင်ကို နေ့စဉ်သောက်သုံးပါက အဝလွန်နေသူ၊ ဆေးလိပ်သောက်တတ်သူ၊ အရက်သောက်တတ်သူများမှာပင် အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အဝလွန်မှု၊ ဆေးလိပ်သောက်သုံးမှုနှင့် အရက်သေစာသောက်စားမှုတို့သည် အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မားလာရမှု၏ နောက်ခံအကြောင်းတရားများ ဖြစ်ကြသည်။

အက်စပရင်ဆေးသည် ကင်ဆာဆဲလ်များအဖြစ် ပြောင်းလဲသွားနိုင်သော ဆဲလ်အစုအခဲများ ပေါ်ထွက်မှုကို တားဆီးပေးခြင်းဖြင့် အူမကြီးကင်ဆာ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်ဟု သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အမျိုးသား၊ အမျိုးသမီး ၁၀၇၆၅၅ ဦးတို့ကို အချိန်ယူစောင့်ကြည့်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## သွေးဖိအားပုံမှန်ထက်မြင့်မားမှုကြောင့် ခေါင်းကိုက်ဝေဒနာခံစားရနိုင်ခြေ မြင့်တက်လာနိုင်

**အမ်စတာဒမ် ဩဂုတ် ၃**

သွေးဖိအားပုံမှန်ထက်မြင့်တက်မှုပြဿနာကြောင့် အမျိုးသမီးများ၌ ခေါင်းကိုက်ဝေဒနာ ခံစားရနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၂ ရက် သတင်းများအရ သိရသည်။

အထူးသဖြင့် နှလုံးခုန်ချက်တစ်ချက်နှင့်တစ်ချက်ကြား နှလုံးခုန်မှုရပ်တန့်ချိန် သွေးဖိအားပုံမှန်ထက်မြင့်မားနေသူ အမျိုးသမီးများ၌ ခေါင်းကိုက်ဝေဒနာ ခံစားရနိုင်ခြေ ပို၍မြင့်မားကြောင်း နယ်သာလန် သုတေသန ပညာရှင်များက ပြောကြားသည်။

နယ်သာလန် သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၆၇ နှစ်အရွယ် လူဦးရေ ၇၂၀၀ ကျော်တို့၏ ကျန်းမာရေးသတင်းအချက်အလက်များကို လေ့လာဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ နှလုံးခုန်ချက်တစ်ချက်နှင့်တစ်ချက်ကြား နှလုံးရပ်နားချိန် သွေးဖိအားပုံမှန်ထက်မြင့်မားသူ အမျိုးသမီးများတွင် ခေါင်းကိုက်ဝေဒနာ ခံစားရနိုင်ခြေ ပုံမှန်ထက် ၁၆ ရာခိုင်နှုန်းပိုမြင့်မားသည်ကိုတွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

ထိုနည်းတူ နှလုံးခုန်ရပ်နားချိန် သွေးဖိအားပို၍ မြင့်တက်လာလေလေ ခေါင်းကိုက်ဝေဒနာ ခံစားရနိုင်ခြေလည်း ပို၍မြင့်မားလာလေလေဖြစ်ကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

သို့ရာတွင် သွေးဖိအားပြဿနာနှင့် ခေါင်းကိုက်ဝေဒနာပေါ်နိုင်ခြေတို့ကြားဆက်စပ်မှုကို အမျိုးသားများတွင် မတွေ့ရသေးကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**






# ခံစစ်ကစားသမား ဒီယေဂိုကားလို့စ်ကိုခေါ်ယူရန် ဖူလ်ဟမ်အသင်း ထပ်မံကြိုးပမ်း

**လန်ဒန် ဩဂုတ် ၃**

ဖူလ်ဟမ်အသင်းသည် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား စမစ်ရိုးကို တရားဝင်ခေါ်ယူနိုင်ခဲ့ပြီးနောက် အေဗီလာအသင်း ခံစစ်ကစားသမား ဒီယေဂိုကားလို့စ်ကို ထပ်မံခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အသက် ၃၁ နှစ်ရှိ ခံစစ်ကစားသမား ဒီယေဂိုကားလို့စ်သည် ၂၀၂၂ ခုနှစ်က ဆီဗီလာအသင်းမှ အေဗီလာအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၆ သန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းတွင် ပွဲကစားခွင့်ရရှိခဲ့သော်လည်း ဖနောင့်ကြောဒဏ်ရာ ရရှိခဲ့ပြီးနောက်ပိုင်းတွင် ပွဲကစားခွင့် လျော့နည်းလာသကဲ့သို့ ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ပြိုင်ပွဲစုံ ၃၈ ပွဲသာ ပါဝင်ခဲ့ရပြီး ပုံမှန်ပွဲထွက်ခွင့်နည်းပါးခဲ့သောကြောင့် ပွဲကစားခွင့်ရရှိနိုင်မည့် အသင်းသို့ပြောင်းရွှေ့ရန် ဆန္ဒရှိနေသည်။

ဖူလ်ဟမ်အသင်း နည်းပြဆေးဗားသည် ယခုအပြောင်းအရွှေ့တွင် ကစားသမားစာရင်းဖြည့်တင်းရန်ကြိုးပမ်းနေသူဖြစ်ပြီး ဗီလာရီးရဲလ်အသင်း ခံစစ်ကစားသမား ကူအန်ကာ၊ စပါးအသင်း ခံစစ်ကစားသမား ဆက်စက်ဂန္ဒန်၊ အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား စမစ်ရိုးတို့ကို ခေါ်ယူနိုင်ခဲ့သည့်အပြင် မန်ယူအသင်းကစားသမား တွန်မီနေးနှင့် အေဗီလာအသင်းမှ ကွင်းလယ်ကစားသမား ဒီယေဂိုကားလို့စ်တို့ကို ထပ်မံခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိတွင် ဖူလ်ဟမ်အသင်းသည် ကွင်းလယ်ပိုင်းမှ ပေါ်ဟင်ဟာကို ဘိုင်ယန်မြူးနစ်အသင်းသို့ လက်လွှတ်ခဲ့ရပြီးနောက် ကွင်းလယ်တိုက်စစ်ကစားသမား ပါရဲရားကိုလည်း လက်လွှတ်ရရန်နီးစပ်နေသဖြင့် ကွင်းလယ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**




# အိုလံပစ်ပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းကိုအနိုင်ယူ၍ ပြင်သစ်အသင်း ဆီမီးဖိုင်နယ်သို့တက်ရောက်




**ပဲရစ် ဩဂုတ် ၃**

အိုလံပစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အိမ်ရှင်ပြင်သစ်အသင်းက အာဂျင်တီးနားအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပြင်သစ်အသင်းသည် အုပ်စုအဖွင့်ပွဲစဉ်တွင် အမေရိကန်၊ ဂီနီယာ၊ နယူးဇီလန်အသင်းတို့နှင့် တွေ့ဆုံခဲ့ရာ အဖွင့်ပွဲစဉ်တွင် အမေရိကန်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ဂီနီယာအသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နယူးဇီလန်အသင်းနှင့် ပွဲစဉ်တွင် သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရခဲ့သောကြောင့် အုပ်စုပထမနေရာဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနား အသင်းသည် အုပ်စုအဖွင့်ပွဲစဉ်တွင် မော်ရိုကို၊ အီရတ်၊ ယူကရိန်းအသင်းတို့နှင့် တွေ့ဆုံခဲ့ရာ အုပ်စုအဖွင့်ပွဲစဉ်တွင် မောရိုကိုအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီး အီရတ်အသင်းနှင့် ပွဲစဉ်တွင် သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်အပြင် ယူကရိန်းအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ထပ်မံအနိုင်ရခဲ့ပြီးနောက် အုပ်စုဒုတိယဖြင့် ကွာတားဖိုင်နယ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ကွာတားဖိုင်နယ် ပွဲစဉ်တွင် ပြင်သစ်အသင်းသည် လာကာဇက်၊ မာတီတာတို့ကို အထောင်တိုက်စစ်တွင် အသုံးပြုခဲ့သဖြင့် ပွဲစကတည်းက အာဂျင်တီးနားအသင်းကို ဖိအားပေးနိုင်ခဲ့သဖြင့် ပွဲချိန် ၅ မိနစ်တွင် အိုလီဆီ၏ ဖန်တီးပေးမှုမှ မာတီတာက ခေါင်းတိုက်ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဒုတိယပိုင်းတွင် အာဂျင်တီးနားအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့ကာ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း ပြင်သစ်အသင်းက ခံစစ်ကစားပုံ ကောင်းမွန်ခဲ့သည့်အပြင် ဂိုးသမား ရက်စတက်၏ လက်စွမ်းပြသနိုင်မှုကြောင့် ပထမပိုင်းသွင်းဂိုးဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : ML**

# ပဲရစ်အိုလံပစ်ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ရှောင်ဖီလီ၊ ဖလက်ဝုဒ်နှင့် မက်ဆူယာမာတို့ ပူးတွဲဦးဆောင်

**ပဲရစ် ဩဂုတ် ၃**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် ပဲရစ်အိုလံပစ်အားကစားပွဲတော်တွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ရှောင်ဖီလီ၊ အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဖလက်ဝုဒ်နှင့် ဂျပန်ဂေါက်သီးရိုက်ကစားသမား မက်ဆူယာမာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ရှောင်ဖီလီသည် လက်ရှိချန်ပီယံတစ်ဦးဖြစ်ပြီး အိုလံပစ်ရွှေတံဆိပ်ဆုအား ကာကွယ်နိုင်ရန်နှင့် အိုလံပစ်အားကစားပွဲတော်သမိုင်းတွင် နှစ်ကြိမ်ဆက် ချန်ပီယံဖြစ်ခွင့်ရမည့် အခွင့်အရေးကောင်းကိုလည်း ပိုင်ဆိုင်ထားသည်။

မက်ဆူယာမာသည် ပထမနေ့တွင် တစ်ဦးတည်းအမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီး ယနေ့တွင် ရလဒ်အနည်းငယ် ကျဆင်းခဲ့သဖြင့် ရလဒ်ကောင်းခဲ့သော ရှောင်ဖီလီ၊ ဖလက်ဝုဒ်တို့နှင့်အတူ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်ခဲ့ရသည်။

ဖလက်ဝုဒ်အနေဖြင့် ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုအား ဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့် ကစားသမားစာရင်းတွင် မပါဝင်သော်လည်း အကောင်းဆုံးလက်စွမ်းပြနိုင်ပြီး ရွှေတံဆိပ်ဆုအား စိန်ခေါ်နိုင်သည့် အခြေအနေမျိုးကို ပိုင်ဆိုင်ထားသည်။

လက်စွမ်းကောင်း ပြသထားသည့် ဖလက်ဝုဒ်က "နှစ်ရက်စလုံး အကောင်းဆုံးကစားထားနိုင်တယ်။ ကစားထားနိုင်တဲ့ စွမ်းဆောင်ရည်ပိုင်းအပေါ်မှာလဲ အားရကျေနပ်မှုအပြည့်အဝရှိပါတယ်။ ဒါပေမဲ့ ပြိုင်ပွဲဝင်တွေကြား ရလဒ်ကွာဟမှု ကျဉ်းမြောင်းနေတယ်။ နောက်ဆုံးနေ့ထိ ပုံစံကောင်းထိန်းနိုင်မှ ရလဒ်တစ်ခုကိုမျှော်လင့်နိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

## အားကစားသတင်းအတိုအထွာများ

- ရိုးမားအသင်းက အေတီကိုအသင်းသို့ပြောင်းရွှေ့ရန် နီးစပ်နေသည့် တိုက်စစ်မှူး ဒိုဘိခ်ကို ပြောင်းရွှေ့ကြေး ယူရို ၃၁ သန်းဖြင့် ခေါ်ယူခဲ့ပြီး လာမည့် ၂၀၂၉ နှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းက ကွင်းလယ်ကစားသမား ဆန်းတို့စ်ကို တစ်ရာသီ အငှားစာချုပ်ဖြင့် စထရာဘော့အသင်းသို့ပြောင်းရွှေ့ခွင့်ပြုခဲ့သည်။
- ဆဲလ်ဘတ်အသင်း ကွင်းလယ်ကစားသမား လူကာဆူဆစ်ခ်ကို ပြောင်းရွှေ့ကြေး ယူရို ၁၀ သန်းဖြင့် ဆိုစီဒက်အသင်းက ခေါ်ယူခဲ့ပြီး လာမည့် ၂၀၂၉ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့သည်။
- ခံစစ်ကစားသမား မာလာစီယာအနေဖြင့် ဒဏ်ရာတိုးတက်မှုရှိလာသော်လည်း နှစ်လခန့်အနားယူပြီးမှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်ကြောင်း နည်းပြတန်ဟတ်က ပြောကြားခဲ့သည်။

**ML**

# မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၅)တွင် ရတနာပုံအက်ဖ်စီအသင်း အနိုင်ရရှိ

**ရန်ကုန် ဩဂုတ် ၃**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် ရတနာပုံအက်ဖ်စီအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၄၃ မိနစ်တွင် စိုးမင်းဦးက ရတနာပုံအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သည့် အတွက် ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရခိုင်ယူနိုက်တက်အသင်းက ချေပဂိုးအတွက် ပြန်လည် ဖိအားပေးခဲ့သော်လည်း ပွဲချိန် မိနစ် ၆၀ တွင် စိုးမင်းဦးက ရတနာပုံအက်ဖ်စီ အသင်းအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီးနောက် ရခိုင်ယူနိုက်တက်အသင်းက ပိုမိုတိုက်စစ်မြှင့် ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၇၈ မိနစ်နှင့် ၈၁ မိနစ်တို့တွင် ဂျိုးဆက်ဖ်က ရခိုင်ယူနိုက်တက် အသင်းအတွက် ချေပဂိုးနှစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၉၁ မိနစ်တွင် အောင်ကျော်သူက ရတနာပုံအက်ဖ်စီအသင်းအတွက် အနိုင်ဂိုး ပြန်လည် သွင်းယူနိုင်ခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် ရတနာပုံ အက်ဖ်စီအသင်းက ရခိုင်ယူနိုက်တက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။




**STA**

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားနိုင်ငံထုတ် Gerbera ဒရုန်းအသစ်သည် ယူကရိန်းလေကြောင်းရန်ကာကွယ်ရေးအတွက် စိန်ခေါ်မှုများပြင်းထန်ခဲ့




တယ်လီဂရမ်ချန်နယ်လ် ASTRA ၏ ထုတ်ဖော်ရေးသားချက်များအရ ရုရှားနိုင်ငံထုတ် Gerbera ဒရုန်းအမျိုးအစားသစ်ကို ယူကရိန်းအထူးစစ်ဆင်ရေးတွင် တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုလျက်ရှိရာ ယူကရိန်းလေကြောင်းရန် ကာကွယ်ရေးအတွက် စိန်ခေါ်မှုများပြင်းထန်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံထုတ်ဖြစ်သည်ဟု ကျိန်းသေပေါက် တွက်ဆထားသော အဆိုပါဒရုန်းသည် အီရန်ဒီဇိုင်း Shahed/ Geran အသေခံ တိုက်ခိုက်ရေးဒရုန်းများအတွက် အင်အားထပ်မံဖြည့်တင်းခြင်းလည်းဖြစ်နိုင်ပြီး ယူကရိန်းတို့၏ လေကြောင်းရန် ကာကွယ်ရေးစနစ်များအပေါ် တိုက်ခိုက်နိုင်စွမ်းရှိစေလိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် အဆိုပါ ဒရုန်းသစ်၏ ပထမဦးဆုံးသက်သေ အထောက်အထားများ ထွက်ပေါ်လာခဲ့သည်။ ယူကရိန်းတွင် တွေ့မြင်ခဲ့ရသော ဒရုန်းအပျက်အစီးဓာတ်ပုံများကို လူမှုကွန်ရက်များမှတစ်ဆင့် မြင်တွေ့ခဲ့ရသည်။

အဆိုပါဒရုန်းတွင် တိုက်ခိုက်ရေးအတွက် မဟုတ်ဘဲ အခြားတာဝန်တစ်ခုကို လုပ်ဆောင်နိုင်ခြင်းဖြစ်ကြောင်း သုံးသပ်ထားကြပြီး ဒရုန်းတွင် ထိပ်ဖူးတပ်ဆင်ထားခြင်းမရှိသည်ကို တွေ့မြင်ခဲ့ရသည်။ ရေမြှုပ်ကိုယ်ထည်ဖြင့် တည်ဆောက်ထားသော Gerbera ဒရုန်းသည် မကြာသေးမီကမှယူကရိန်းအထူးစစ်ဆင်ရေးတွင် ရုရှားတပ်ဖွဲ့များ တပ်ဖြန့်အသုံးပြုခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ဇူလိုင် ၂၈ ရက်တွင် ရုရှားတပ်မတော် Stalin's Falcon ဒရုန်းတပ်ခွဲသည် Gastello Design Bureau မှထုတ်လုပ်သည့် Gerbera ဒရုန်း၏ဗီဒီယိုဖိုင်ကိုထုတ်လွှင့်ပြသခဲ့သည်။ ဒရုန်းတပ်ခွဲ၏ အဆိုအရ အီလက်ထရွန်နစ်ထောက်လှမ်းခြင်း၊ ကာမီကာဇီ အသေခံဖောက်ခွဲတိုက်ခိုက်ရေးနှင့် လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များအတွက် လှည့်စားမှုအဖြစ် အသုံးပြုရန်ရည်ရွယ်၍ ဒရုန်းကို ထုတ်လုပ်ထားကြောင်း သိရသည်။

Gerbera တိုက်ခိုက်ရေးဒရုန်းဗားရှင်းသည် FPV ဒရုန်းများတွင် ကင်မရာအသုံးပြုတပ်ဆင်ထားပြီး အော်ပရေတာမှ Manual ထိန်းကျောင်းပျံသန်း လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ပစ်မှတ်ထားတိုက်ခိုက်ရာတွင် တိကျမှုသည် အော်ပရေတာ၏ ကျွမ်းကျင်မှုပေါ် မူတည်ပြီး ဗီဒီယိုတွင် ဒရုန်းသည် ပစ်မှတ်ကိုထိမှန်ခဲ့ခြင်းမရှိသော်လည်း အနီးအနားတွင် ပေါက်ကွဲခဲ့ကြောင်း တွေ့မြင်ခဲ့ရသည်။ ထိပ်ဖူးတပ် ဒရုန်းများ၏ ပျံသန်းစစ်ဆင်နိုင်သော အကွာအဝေးသည် တိုတောင်းဖွယ်ရှိပြီး ရေဒီယိုဆက်သွယ်ရေး တိုက်ရိုက်လုပ်ဆောင်နိုင်မှုဖြင့် ကန့်သတ်ထားသည်။ ထို့ပြင် Transponder တပ် အခြားဒရုန်းများကို ရုရှားတပ်ဖွဲ့ဝင်များ အသေခံ ဖောက်ခွဲတိုက်ခိုက်ရေးဒရုန်းများဖြင့် တိုက်ပွဲဝင်ရာတွင် Gerbera ဒရုန်းများကို လမ်းညွှန်ထိန်းကျောင်းရန်အသုံးပြုနိုင်မည်ဖြစ်သည်။ Gerbera ဒရုန်းများသည် ရန်သူ့စက်သေနတ်များနှင့် ရိုင်ဖယ်များ စက်ကွင်းပြင်ပ အမြင့်မီတာ ၁၀၀၀ တွင် ပျံသန်းနိုင်မည်ဖြစ်ကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ထက်မပိုကြောင်း စစ်ဘက်လေ့လာသူများက ခန့်မှန်းတွက်ချက်ထားကြသည်။

ယူကရိန်းနိုင်ငံ လေကြောင်းရန်ကာကွယ်ရေးစနစ်များသည် ရုရှားတို့၏ Shahed/Geran တိုက်ခိုက်ရေးဒရုန်းများ၊ ပဲ့ထိန်းဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များနှင့် ဝေဟင်ပစ် တိကျပဲ့ထိန်းခဲယမ်းများရန်မှ အဓိကအချက်အချာနေရာများကို အသည်းအသန် ကာကွယ်နေရချိန်တွင် ယခုလို Gerbera ဒရုန်းအမျိုးအစားသစ် ထပ်မံထုတ်လုပ်လာနိုင်ခဲ့ခြင်းသည် စိန်ခေါ်မှုသစ်များနှင့် ရင်ဆိုင်ရန် ဖိအားများရှိလာပြီလည်းဖြစ်သည်။

**Gerbera: New Long-Range Russian Drone Intensifies Challenges for Ukrainian Air Defense ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်နိုင်ငံက ယူကရိန်းနိုင်ငံသို့ F-16 တိုက်လေယာဉ်အတွက် ဒုံးကျည်များပံ့ပိုးပေးရန် မျှော်မှန်းထား



အမေရိကန်နိုင်ငံသည် ယူကရိန်းသို့ F-16 တိုက်လေယာဉ်များအတွက် ဒုံးကျည်များပံ့ပိုးပေးရန် မျှော်မှန်းထားကြောင်း Wall Street Journal က အမေရိကန်စစ်ဘက်အဆင့်မြင့်အရာရှိများ၏ ပြောကြားချက်များကို ကိုးကား၍ ဇူလိုင် ၃၀ ရက်က ရေးသားဖော်ပြခဲ့သည်။

ပိုလန်နှင့် ဆလိုဗက်ကီးယားနိုင်ငံတို့ကဲ့သို့ NATO အဖွဲ့ဝင်နိုင်ငံများက ဆိုဗီယက်ခေတ်ထုတ် တိုက်လေယာဉ်များ အင်အားပြန်လည်ဖြည့်တင်းမှုများ ရှိနေသော်လည်း ယူကရိန်းလေတပ်တွင် လက်ကျန်လေယာဉ်များ ပြတ်လပ်သွားသောကြောင့် ယူကရိန်းက F-16 တိုက်လေယာဉ်များပေးပို့ခြင်းအတွက် လပေါင်းများစွာ တောင်းဆိုနေခဲ့သည်။ အဓိကပြဿနာတစ်ရပ်မှာ အမေရိကန်ထုတ် တိုက်လေယာဉ်များတွင် မည်သည့်လက်နက်များ တပ်ဆင်တိုက်ပွဲဝင်မည်ဆိုသည့် အချက်ပင်ဖြစ်သည်။ ဆိုဗီယက်ခေတ်ထုတ် ဒုံးကျည်ဒီဇိုင်းများနှင့် လေယာဉ်တွင် သယ်ဆောင်အသုံးပြုရန် အဆင်ပြေသောကြောင့်ပင်ဖြစ်သည်။

အမေရိကန်နိုင်ငံပိုင် Wall Street Journal ဖော်ပြချက်အရ အမေရိကန်နိုင်ငံသည် ယူကရိန်းကို HARM၊ AMRAAM နှင့် Sidewinder ဒုံးကျည်များနှင့်အတူ လမ်းညွှန်ကိရိယာအစုံအလင်ဖြင့် ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဒုံးကျည်အမျိုးအစားများအားလုံးသည် လက်ရှိ အမေရိကန်တပ်မတော်တွင် အသုံးပြုလျက်ရှိသည့် လက်နက်များလည်းဖြစ်သည်။

"သူတို့လိုအပ်တဲ့ အရေးကြီးတဲ့ လက်နက်အားလုံးကို ပံ့ပိုးပေးနိုင်မယ်လို့ယုံကြည်ပါတယ်"ဟု အမည်မဖော်လိုသည့် အမေရိကန်စစ်ဘက်အကြီးတန်းအရာရှိက ဇူလိုင် ၃၀ ရက်တွင် Wall Street Journal သို့ ပြောကြားခဲ့သည်။

AGM-88E HARM ရေဒါလှိုင်းစီးဒုံးကျည် တစ်နည်းအားဖြင့် ရေဒါဖျက်ဒုံးကျည်သည် ဝေဟင်မှမြေပြင်ပစ် ဒုံးကျည်အမျိုးအစားဖြစ်ပြီး အီလက်ထရွန်နစ်လှိုင်းထုတ်လွှတ်မှုများကို အာရုံခံကာ ရန်သူရေဒါစနစ်များကို တိုက်ခိုက်ရန်အတွက် အသုံးများသည်။ ထိရောက်အကွာအဝေးမှာ ၁၄၈ ကီလိုမီတာထိ တာဝေးတိုက်ခိုက်နိုင်စွမ်းရှိသည်။ အမေရိကန်နိုင်ငံသည် HARM ရေဒါဖျက်ဒုံးကျည်များ၏ပစ်မှတ်ထားတိုက်ခိုက်နိုင်စွမ်း ပိုမိုကောင်းမွန်လာစေရန် F-16 တိုက်လေယာဉ်များအတွက် အထူးဒီဇိုင်းထုတ်ထားသော HTS pods ပစ်မှတ်ရှာဖွေ တိုက်ခိုက်ရေးစနစ်များနှင့်အတူ ယူကရိန်းကို ပံ့ပိုးပေးမည်လားဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။

အဆင့်မြင့် တာလတ်ပစ်၊ ဝေဟင်မှဝေဟင်ပစ် AIM-120 ဒုံးကျည် (AMRAAM) ၏ နောက်ဆုံးထုတ် ဗားရှင်းတွင် အကွာအဝေး ကီလိုမီတာ ၁၈၀ ထိတိုက်ပွဲဝင်နိုင်စွမ်းရှိလာသည်။ ရေဒါပဲ့ထိန်းဒုံးကျည်သည် အမြင်အာရုံ(မျက်မြင်)အကွာအဝေးထက် ကျော်လွန်လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ထို့ပြင် AIM-9 Sidewinder ဒုံးကျည်သည် လေကြောင်းစီးချင်းထိုးတိုက်ခိုက်ရန်အတွက် ဒီဇိုင်းထုတ်ထားသည့် အကွာအဝေး ၃၅ ကီလိုမီတာထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသော ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်အမျိုးအစားဖြစ်သည်။

ဒိန်းမတ်နှင့် နယ်သာလန်တို့သည် လာမည့်ရက်သတ္တပတ်များအတွင်း F-16 တိုက်လေယာဉ်များ ပထမဆုံးအကြိမ် လွှဲပြောင်း၊ ပေးပို့ရန် ပြင်ဆင်နေကြောင်း သိရသည်။ ဘယ်လ်ဂျီယံနှင့် နော်ဝေနိုင်ငံတို့က ယခုနှစ်ကုန်တွင် လွှဲပြောင်းပေးရန် ကတိပြုခဲ့ကြသည်။ ယူကရိန်းနိုင်ငံ လေယာဉ်မှူး အနည်းငယ်သာ F-16 တိုက်လေယာဉ်သင်တန်းများ တက်ရောက်လေ့ကျင့်သင်ကြားခဲ့ရပြီး ယခုနှစ်တွင် တိုက်လေယာဉ်အစင်းရေ ၅၀ အောက်သာ ရောက်ရှိလာလိမ့်မည်ဟု မျှော်မှန်းထားကြသည်။

ရုရှားနိုင်ငံလေတပ်သည် ယူကရိန်းထက် အဆပေါင်းများစွာသာလွန်နေသောကြောင့် လေကြောင်းစွမ်းအားချင်းကောင်းကင်ယှဉ်၍ ယှဉ်ပြိုင်နိုင်ရန် ယူကရိန်းအတွက် တိုက်လေယာဉ်မှူး အနည်းဆုံး ၁၂၈ ဦး လိုအပ်မည်ဟု ဇီလန်စကီးက ထုတ်ဖော်ဝန်ခံခဲ့ဖူးသည်။ အဆိုပါ တိုက်လေယာဉ်များသည် ငွေကျည်ဆန်များ (အလှည့်အပြောင်း) မဟုတ်သော်လည်း တာဝေးပစ်လက်နက်များ ပါရှိခြင်းကြောင့် အတိုင်းအတာတစ်ခုထိ ရုရှားလေကြောင်းစွမ်းအားများကို ဟန့်တားထားရန်ကူညီပေးနိုင်ကြောင်း နော်ဝေနိုင်ငံ စစ်ဘက်အရာရှိများက Wall Street Journal သို့ ထုတ်ဖော်ပြောကြားခဲ့ကြသည်။

**US announces supply of F-16 missiles to Ukraine – WSJ ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# အရိုးမှန် အစဉ်မှန် မြန်မာ့ဂီတသံ

ကိုဇော်ဌေး(ယဉ်ကျေးမှု)

မြန်မာ့ဂီတသည် အနောက်တိုင်းဂီတကဲ့သို့ အသံတို့ကို စနစ်တကျပေါင်းစပ်ထားသည်ထက် အလိုအလျောက်ဖြစ်သောအသံတို့ကို အဆက်အစပ်မဲ့စွာ ဖက်စပ်ထားသည်ဟု ထင်မှတ်ဖွယ်ရှိသည်။ သို့သော် သေချာစွာဂရုပြု၍ နားထောင်လျှင်မူ မြန်မာ့ဂီတသည် အဆင့်အတန်းမြင့်သောဂီတဖြစ်ကြောင်း သိနိုင်သည်။

မြန်မာ့ဂီတတွင် သံစဉ်ခုနစ်မျိုးရှိသည်။ ၎င်းတို့သည် တစ်သံနှင့်တစ်သံ မတူကြဘဲ အနိမ့်အမြင့်ရှိကြရာ ထိုကဲ့သို့ခြားနားခြင်းကို အကြီးအသေး၊ အကျအတက်၊ အောက်အထက်ဟု အမျိုးမျိုးခေါ်ကြသည်။ သံစဉ်များကို အတီး၊ အမှုတ်တူရိယာသံတို့၏ သံစဉ်အတိုင်း ရေတွက်ခေါ်ဝေါ်ကြရာ တစ်ခုသောအသံကို '၁' ဟု သမုတ်လိုက်လျှင် ထို '၁'သံမှ လက်ဝဲအောက်ဘက်သို့ ပြန်လိုက်လျှင် ၁-၂-၃-၄-၅-၆-၇-၁- ဟူ၍လည်းကောင်း၊ ထို '၁'သံမှ လက်ယာဘက်သို့ ဆန်လိုက်လျှင် ၁-၇-၆-၅-၄-၃-၂-၁ ဟူ၍လည်းကောင်း အစီအစဉ်ရှိကြလေသည်။ စောင်းကို အခြေပြု၍ ထိုအသံခုနစ်မျိုးတို့ကို ခေါ်အပ်သော ဝေါဟာရတို့မှာ 'ညှင်းလုံး၊ ခြောက်သွယ်ညွန့်၊ မြင်စိုင်း၊ အောက်ပြန်၊ ပြည်တော်ပြန်၊ ဒုရကဒွေး၊ ပုလဲ' ဟူ၍ဖြစ်ကြသည်။ ဖော်ပြခဲ့သည့်အတိုင်း အထက်သံ၊ အောက်သံ ဟူ၍လည်းကောင်း၊ ဘယ်သံ(ဝဲသံ)၊ ညာသံ(ယာသံ)ဟူ၍လည်းကောင်းရှိကြရာ အထက်နှစ်ပေါက်မှ အောက်နှစ်ပေါက်သံအထိ ရှစ်လုံးတွဲဖြစ်လေသည်။ ဘယ်သံ၊ ညာသံ ဟူသည်မှာ ပတ္တလား၊ စန္ဒရား စသော တူရိယာများကိုကြည့်လျှင် ဘယ်ဘက်သို့ တိုး၍တီးသွားပါက အသံသည် နိမ့်၍ပျော့သွားသည်။ ညာဘက်သို့တိုးသွားလျှင် အသံသည် မြင့်၍စူးသွားသည်။ တေးဂီတကို တီးမှုတ်ရာ၌ နိမ့်သောအသံချည်းဖြစ်ပါက ပျော့လွန်းသည်။ မြင့်သောအသံချည်းဖြစ်ပါက မာလွန်းသည်။ ထို့ကြောင့် မပျော့မမာ အသံသာသာရစေရန် ညာဘက်ကတီးတိုင်း ဘယ်ဘက်ကပါလိုက်၍ တီးပေးရသည်။ ထိုသို့ ဘယ်သံနှင့် ညာသံကို တစ်ပြိုင်တည်း တီးပေးခြင်းဖြင့် သာယာနာပျော်ဖွယ်ကောင်းသော ဂီတသံဖြစ်အောင် သံစုံညှိခြင်းဟူ၍ပေါ်ပေါက်ခဲ့ရလေသည်။

သံစဉ်များကို တစ်ပေါက်သံ၊ နှစ်ပေါက်သံ စသည်ဖြင့် ခေါ်ဝေါ်ကြခြင်းမှာ အမှုတ်သံစုံ တူရိယာများဖြစ်ကြသော နှဲနှင့်ပလွေတို့ပါသည့် အပေါက်များကို အစွဲပြု၍ခေါ်ကြခြင်းဖြစ်သည်။ ပတ်သံ၊ ကြေးသံ၊ မောင်းသံတို့ကို နှဲကြီး၏ အသံများဖြင့်ညှိထားသည်။ ထို့ကြောင့် ၎င်းတို့ကို တီးခတ်ရာ၌လည်း နှဲ၏အသံစဉ်များကို ခေါ်ဝေါ်သုံးနှုန်းသည့်အတိုင်း လေးပေါက်သံ၊ ငါးပေါက်သံ စသည်ဖြင့် ခေါ်ဝေါ်သုံးနှုန်းကြလေသည်။ ဂီတသံစဉ်တို့၏ ပရိယာယ်အားဖြင့် အသံတစ်မျိုးလျှင် ခုနစ်မျိုးပြောင်းနိုင်သည်။ ပုံစံအားဖြင့် မူတည်သံကို တစ်ပေါက်ထားလျှင် ကျန်အသံများသည် ၂-၃-၄-၅-၆-၇ ဟု အစဉ်အတိုင်းရှိကြသည်။ သို့သော် နှစ်ပေါက်သံကို မူတည်သံထားလျှင် သုံးပေါက်သံသည် လေးပေါက်၊ လေးပေါက်သံသည် ငါးပေါက်၊ ငါးပေါက်သံသည် ခြောက်ပေါက်၊ ခြောက်ပေါက်သံသည် ခုနစ်ပေါက်၊ ခုနစ်ပေါက်သံသည် တစ်ပေါက်သံဟူ၍ အစဉ်အတိုင်း ပြောင်းသွားသည်။ အသံခုနစ်မျိုးအနက် မည်သည့်အသံကိုမဆို မူတည်သံထားနိုင်ရာ ကျန်အသံခြောက်သံတို့သည် ဆိုခဲ့သည့်နည်းအတိုင်း အသံပြောင်းသွားကြသည်။ တစ်နည်းအားဖြင့်ဆိုလျှင် မူတည်သံကိုလိုက်၍ တစ်ပေါက်သံသည် 'နှစ်'လည်းဖြစ်နိုင်သည်။ 'သုံး' လည်းဖြစ်နိုင်သည်။ 'လေး'လည်းဖြစ်နိုင်သည်။ 'ငါး' လည်းဖြစ်နိုင်သည်။ ထို့ကြောင့် အသံတစ်သံလျှင် ခုနစ်မျိုးပြောင်းသွားနိုင်၍ သံစဉ်ခုနစ်ပါးသည် အသံ ၄၉ မျိုး ပြားနိုင်သည်ကိုအစွဲပြုကာ မဃဒေဝလင်္ကာသစ်၌ 'ပေါင်းရုံး ညီးညံ၊ ခုနစ်သံတွင်၊ အသံခုနစ်မျိုး၊ လေးဆယ့်ကိုးတည့်' ဟု ဖော်ပြထားသည်။

ရှေးဂီတပညာရှင်တို့သည် သံစဉ်တို့၏ ပရိယာယ်ကို နောင်လာနောက်သားများ နားလည်သဘောပေါက်စေရန် သံစဉ်ခုနစ်မျိုးကို စုံအောင်လည်သော "ဘုန်းတော်တေဇာ၊ ဝေဖြာမိုးလို့ ထွန်းရာဇိန်"အစချီသည့် ခုနစ်သံလည်ကြိုးဟု တီထွင်စပ်ဆိုခဲ့ကြသည်။

မြန်မာ့ဂီတကို သီဆိုတီးမှုတ်ကြသူများသည် 'တျာ၊ တေ၊ တျော' ဟူသော မိတ်ဖက်သံများကို သိနားလည်ထားကြရသည်။ သံစဉ်ခုနစ်မျိုးအနက် နှစ်သက်ရာ အဆင်ပြေရာ အသံတစ်ခုကို မူတည်သံပြုနိုင်ရာ ထိုမူတည်သံကို တျာသံဟုခေါ်သည်။ တျာ၊တေ၊တျော သံစဉ်ကို တွဲဖက်ပုံမှာ တစ်ခုသော မူတည်သံကို တျာ ဟုခေါ်လိုက်လျှင် ထိုတျာသံ၏ လက်ဝဲအောက်ဘက် တစ်ပေါက်ကြီးသံသည် တေ ဖြစ်သည်။ တျာသံမှ အောက်ဘက် လေးလုံးတွဲ (နှစ်လုံးခြား) စတုတ္ထအသံသည် တျော ဖြစ်လေသည်။ ပုံစံအားဖြင့် တပေါက်သံသည် တျာ ဖြစ်လျှင် ထိုအသံမှ အောက်သို့ပြန်သော် နှစ်ပေါက်သံသည် တေဖြစ်၍ လေးပေါက်သံသည် တျော ဖြစ်သည်။ အထက်သို့ ဆန်သည့်အခါတွင်မူ အကယ်၍ တစ်ပေါက်သံသည် တျောဖြစ်လျှင် ထိုအသံမှ ခြောက်ပေါက်သံသည် တေဖြစ်၍၊ ငါးပေါက်သံသည် တျာဖြစ်လေသည်။ ထိုစနစ်အတိုင်း အသံတစ်ခုကိုသိလျှင် ထိုအသံ၏ အထက်၊ အောက်ရှိ နိမ့်သံ၊ မြင့်သံတို့ကို တွက်စစ်သိရှိနိုင်လေသည်။

ပုံစံအားဖြင့် တစ်ပေါက်သံ တျာဖြစ်လျှင် နှစ်ပေါက်သံတေဖြစ်၍ လေးပေါက်သံ တျောဖြစ်သည်။ တစ်ပေါက်သံ တေဖြစ်မူ ခုနစ်ပေါက်သံ တျာဖြစ်၍ သုံးပေါက်သံ တျောဖြစ်သည်။ တစ်ပေါက်သံ တျောဖြစ်မူ ငါးပေါက်သံ တျာဖြစ်၍ ခြောက်ပေါက်သံ တေဖြစ်သည်။ သံစဉ်များအနက် နှစ်သက်ရာကို တျာသံပြုနိုင်သဖြင့် သံစဉ်ခုနစ်မျိုးစလုံးသည် တျာသံများ ဖြစ်နိုင်ကြသည်။ အကြောင်းအားလျော်စွာ တေ၊ တျောတို့လည်း ခုနစ်သံစလုံးဖြစ်နိုင်သည်။ ထိုသို့ အသံတစ်မျိုးကို တျာ၊တေ၊တျောသုံးမျိုးပြား၍ ကျန်သောအသံခြောက်မျိုးနှင့် မိတ်ဖက်သံများဖြစ်ကာ ဆက်စပ်လေသည်။

အသံတို့တွင် အနိမ့် အမြင့်၊ အထက်သံ၊ အောက်သံ၊ ဘယ်သံ၊ ညာသံဟူ၍ရှိကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ အနိမ့်အမြင့်သံတို့သည် တစ်ခုနှင့်တစ်ခု ရှစ်လုံးတွဲများဖြစ်ကြသည်။ တေသံသည် တျာ၏ အောက်၊ တစ်ပေါက်နိမ့်သံဖြစ်သည်။ တျာသည် တစ်ပေါက်သံဖြစ်လျှင် ၎င်း၏ အောက်၊ တစ်ပေါက်ဖြစ်သော နှစ်ပေါက်သံသည် တေဖြစ်သည်။ အထက်တွင် တေ နှစ်ပေါက်သံသည် အောက် တေနှစ်ပေါက်သံမှ ရှစ်လုံးတွဲဖြစ်ရာ တျာတစ်ပေါက်သံမှ အထက်တေ နှစ်ပေါက်သံထိ (၁-၇-၆-၅-၄-၃-၂) ခုနစ်သံရှိသည်။ မူတည်သော တျာသံမှ အထက် တေသံသို့ ရောက်အောင် သီဆိုတီးမှုတ်ခြင်းကို အထက်သို့ ခုနစ်သံတက်သည်ဟု ခေါ်ဆိုလေသည်။

> ❖ မြန်မာ့ဂီတကို သီဆိုတီးမှုတ်ကြသူများသည် 'တျာ၊ တေ၊ တျော' ဟူသော မိတ်ဖက်သံများကို သိနားလည်ထားကြရသည်။ သံစဉ်ခုနစ်မျိုးအနက် နှစ်သက်ရာအဆင်ပြေရာ အသံတစ်ခုကို မူတည်သံပြုနိုင်ရာ ထိုမူတည်သံကို တျာသံဟုခေါ်သည်။ တျာ၊တေ၊တျော သံစဉ်ကိုတွဲဖက်ပုံမှာ တစ်ခုသော မူတည်သံကို တျာ ဟုခေါ်လိုက်လျှင် ထိုတျာသံ၏ လက်ဝဲအောက်ဘက်တစ်ပေါက်ကြီးသံသည် တေဖြစ်သည်။ တျာသံမှ အောက်ဘက် လေးလုံးတွဲ(နှစ်လုံးခြား) စတုတ္ထအသံသည် တျော ဖြစ်လေသည်။ ❖

တျော နှင့် တျာမှာ လေးလုံးတွဲဖြစ်သည်။ တျောသည် တစ်ပေါက်သံဖြစ်လျှင် ၎င်းမှ အထက်သို့ လေးခုမြောက်(၁-၇-၆-၅) ငါးပေါက်သံသည် တစ်ပေါက်တျော၏အထက် တျာသံဖြစ်သည်။ အောက် တျာသံမှာ တစ်ပေါက် တျော၏အောက်ဘက်သို့ ပြန်လိုက်လျှင် (၁-၂-၃-၄-၅) ငါးခုမြောက်ဖြစ်သော ငါးပေါက်သံသည် တစ်ပေါက် တျော၏ အောက်တျာသံဖြစ်လေသည်။

သံစဉ်တို့ကို လေ့လာကြည့်လျှင် မြန်မာ့ဂီတသံစဉ်တွင် လေးစိတ်တစ်စိတ်သံ(ဝါ) တစ်မတ်သံ၊ ထို့နောက် ထို့ထက် အလှမ်းပိုနီးသော အသံတို့ ရှိနေသည်ဟုထင်ရလေသည်။ အမှန်မှာ မြန်မာ့ဂီတသံစဉ်သည် အနောက်တိုင်း ဂီတသံစဉ်မျိုးပင်ဖြစ်လေသည်။ ကွဲလွဲချက်ကား စတုတ္ထအလှမ်းဖြစ်သော ငါးပေါက်သံနှင့်သတ္တမအလှမ်းဖြစ်သော တေသံတို့သည် 'ကြားနေသံ'များဖြစ်ကြ၍ အသံဆင်းပုံ၊ တက်ပုံ မတူခြင်းဖြစ်လေသည်။ ရှေးဟောင်းမြန်မာ့တူရိယာများကို တီထွင်စဉ်အခါက မပြုခဲ့သောအချက်တစ်ချက်မှာ ရှစ်လုံးသံစဉ်၌ ကြားသံပါနိုင်အောင် မပြုခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် မြန်မာ့ဂီတသည် တျာ မှ တျော သို့ ကူးနိုင်သော စွမ်းရည်ကားရှိသည်။ ပမာအားဖြင့် အနောက်တိုင်းအခေါ်ဖြစ်သော စီမေဂျာမှ ဂျီမေဂျာသို့ ကူးနိုင်ခြင်းဖြစ်သည်။ ထို့ပြင် တျာမှ ငါးပေါက်သို့လည်း အခါမရွေးကူးနိုင်လေသည်။ ပမာအားဖြင့် စီမေဂျာမှ အက်ဖ်မေဂျာသို့ ကူးနိုင်ခြင်းဖြစ်သည်။

သို့ရာတွင် မြန်မာတို့၏ ဂီတ၌ (အက်ဖ်ရှပ်) ငါးပေါက်ခွဲသံ၊ သို့မဟုတ်(ဘီဖလက်) သုံးပေါက်ခွဲသံဟူ၍ မရှိချေ။ ထို့ကြောင့် မြန်မာတို့သည် (အက်ဖ်)ငါးပေါက်ကို ငါးပေါက်နှင့် ငါးပေါက်ခွဲတို့၏ အလယ်ဗဟို၊ (ဘီ) နှစ်ပေါက်ကို သုံးပေါက်ခွဲနှင့် နှစ်ပေါက်တို့၏ အလယ်ဗဟိုတို့၌ ဖြတ်၍ ထားကြလေသည်။

မြန်မာ့ဂီတတွင် အနောက်တိုင်းဂီတနှင့် မတူသောအချက်တစ်ခုရှိသည်။ ၎င်းမှာ တစ်ပြေးတည်းတည်နေသောအနံ့နှင့် အလျားတို့သာရှိ၍ အထု မရှိခြင်းဖြစ်သည်။ အနောက်တိုင်းဂီတ၌ ဟာမိုနီခေါ် သံစုံညီညွတ်မှုအင်္ဂါရပ် တိုးတက်ခဲ့ပြီဖြစ်သဖြင့် အထုရှိနေခြင်းဖြစ်သည်။ တစ်ဖန် မြန်မာ့တူရိယာများသည် ဟာမိုနီ အကျိုးသက်ရောက်မှုကို ချိန်၍ ပြုလုပ်သော တူရိယာမျိုးမဟုတ်ချေ။ ထို့ကြောင့် မြန်မာ့ဂီတသည် အထုနယ်ဘက်သို့ တက်လှမ်းခြင်းမပြုဘဲ တီးကွက်သက်သက်ဖြစ်သော အနံ၊ အလျားနယ်အတွင်း၌သာ တိုးတက်ခြင်းကိုသဘောကို ဆောင်လေသည်။ အနောက်တိုင်းသားတို့သည် ဂီတကိုနားထောင်သောအခါ သံစုံအထု၏ အရသာကို ခံစားကြသည်။ မြန်မာတို့သည် ဂီတကို နားထောင်သောအခါ တီးကွက် အနံ၊ အလျား၏ အရသာကို ခံစားကြသည်။ မြန်မာတို့သည် မယ်လိုဒီခေါ် တေးသွားကို အရေးပေးလေ့ရှိသည်။ မြန်မာတို့တီးလျှင် တေးသွားကိုလိုက်၍ တီးတတ်ကြသည်။ မြန်မာ့ဆိုင်းဝိုင်းကို တီးမှုတ်ရာတွင် မြန်မာပတ်ဝိုင်းသည် အဖေးအမ အခြေအရံအဖြစ်ဖြင့်သာမက တေးသွားကိုလိုက်၍လည်း တီးကွက်ဆင်ကြလေသည်။

မြန်မာတို့၏ နရီစည်းဝါးစနစ်သည် မြန်မာဘာသာစကား၏ သဘောကိုလိုက်၍ ဖြစ်ပေါ်လာသည်။ မြန်မာနရီတွင် စည်းနှစ်မျိုးရှိသည်။ တစ်ချက်စည်း၊ နှစ်ချက်စည်းဟုခေါ်သည်။ သီချင်းတစ်ပုဒ်တွင် နရီစည်းသည် တစ်မျိုးတည်းဖြစ်ရန် မလိုချေ။ တစ်ချက်စည်းမှ နှစ်ချက်စည်းသို့သော်လည်းကောင်း၊ နှစ်ချက်စည်းမှ တစ်ချက်စည်းသို့သော်လည်းကောင်း သီချင်းသွားကိုလိုက်၍ ပြောင်းစရာရှိလျှင် ပြောင်းနိုင်သည်။ တစ်နည်းဆိုသော် မြန်စရာရှိလျှင် မြန်နိုင်၍ နှေးစရာရှိလျှင် နှေးနိုင်သည်။ သို့ရာတွင် နရီစည်းလွတ်၍ကား သီဆို တီးမှုတ်ခြင်းမပြုရချေ။ မြန်မာ့ဂီတတွင် တစ်ချက်စည်း၊ နှစ်ချက်စည်းဖြစ်သော ဒုန်းကိုက် စတုရန်း နရီကိုသာသုံးသည်။ အနောက်တိုင်းဂီတ၌သုံးသော သုံးချိုး၊ လေးချိုး၊ ခြောက်ချိုးဖြစ်သည့် တြိဂံနရီကို မသုံးချေ။

မျက်မှောက်ခေတ်တွင် အနောက်တိုင်းဂီတသည် အပုံ့အနှံ့ ဝင်ရောက်လာသည်။ အနောက်တိုင်းဂီတကို သဘောကျသူတို့လည်း ရှိလာကြသည်။ မြန်မာ့တူရိယာ၌ တိကျမှုမရှိဟု ဆိုသူတို့ကလည်းဆိုကြသည်။ ထိုစိန်ခေါ်မှုကို အခွင့်အလမ်းအဖြစ်မှတ်ယူကာ အတီးပညာရှင်သည် တူရိယာကို ခိုင်းချင်တိုင်း ခိုင်းနိုင်လေသည်။ ခိုင်းချင်တိုင်းခိုင်းနိုင်လျှင် မိမိ၏ ကိုယ်ပိုင်ကျွမ်းကျင်မှုကို လွတ်လွတ်လပ်လပ် ဖော်ပြနိုင်ခွင့်ရသည်။ ကျွမ်းကျင်လျှင် ကျွမ်းကျင်သလောက် ယဉ်နိုင်၊ နူနိုင်၊ နွဲ့နိုင်၊ ခန့်နိုင်၊ သန့်နိုင်လေသည်။ ထို့ပြင် မြန်မာအတီးပညာရှင်သည် ဂီတသင်္ကေတကိုမကြည့်ဘဲ အလွတ်တီးတတ်လေသည်။ အလွတ်တီးသဖြင့် တစ်ခါတီးလျှင် တစ်မျိုးမြည်မည်ဖြစ်ရာ တီးသည့်အခါတိုင်း ကိုယ်ပိုင်ဂီတသတ္တိကို တင်းပြည့်ကျပ်ပြည့်ဖော်ပြနိုင်မည်ဖြစ်သည်။ အနောက်တိုင်းဂီတကား ဂီတသင်္ကေတ၏တိကျသောညွှန်ပြမှုအောက်ဝယ် ငြိမ့်သက်နေ၍ တူရိယာ၏ဖန်ဖွဲ့မှုကို ထိန်းချုပ်ထားကြောင်း ထင်ရှားလေသည်။

အနောက်တိုင်း အော်ဂက်စတြာတီးဝိုင်းတွင် အတီးပညာရှင်များသည် သူ့နေရာနှင့်သူမတီးဘဲ မမှုတ်ဘဲမနေရ၊ ရပ်မနေရ၊ စည်းကမ်းအတိုင်းတီးမှုတ်ကြရသည်။ ဤအချက်ကို ချီးမွမ်းကြသည်။ မြန်မာဆိုင်းဝိုင်းတွင် အတီးပညာရှင်တစ်ဦးသည် တီးမှုတ်နေရင်း မိမိ၏တူရိယာကို ခေတ္တရပ်ထား၍ရသည်။ ဤအချက်ကို မကြိုက်၊ မနှစ်သက်၊ စည်းကမ်းမဲ့သည်ဟု ထောက်ပြနိုင်သည်။ ပတ်လုံးတစ်လုံး အသံတိမ်ဝင်သွားသဖြင့် ပတ်တီးဆရာက ပတ်တီးရပ်၍ ပတ်စာပြင် အသံညှိနေခြင်းကို သည်းမခံနိုင်ဟုဆိုကြသည်။ ထိုသို့ ပတ်စာပြင်ရန်အတွက် အတီးပညာရှင်က အတီးရပ်နေရုံမျှဖြင့် ဆိုင်းဝိုင်းကြီး၏ အရသာလည်းမပျက်၊ တီးမှုတ်ခြင်းလည်း မရပ်နား၊ အရေးလည်းမကြီးသည်ကို ကြံဖန်အပြစ်မြင်ခြင်းသာဖြစ်သည်။ စင်စစ် အနောက်တိုင်းဂီတတွင် ဟာမိုနီသည် အဓိကဖြစ်သဖြင့် တီးမှုတ်သံတို့သည် ညီညီညာညာချီတက်သွားသည့်နှယ် သံစုံညီမှုဖြစ်ပေမည်။ မြန်မာ့ဂီတတွင် တီးသံ၊ မှုတ်သံတို့ကို ရောနှော၍ အရသာဖော်ထားသည်ကို နားလည်တတ်ရန် လိုပေမည်။ ဟာမိုနီ၏သဘောကို ကြိုက်နှစ်သက်သူတို့က တီးသံ၊ မှုတ်သံတို့ကို ရောနှောထားသော မိဿကသဘောကို လက်ခံနိုင်ရန်လိုအပ်မည်ဖြစ်သည်။ သို့မှသာ မြန်မာ့ဂီတကို ခံစားနိုင်မည်ဖြစ်သည်။

မြန်မာ့ဂီတသည် စိတ်ကူးဉာဏ် ကွန့်ချင်တိုင်းကွန့်နိုင်သောပညာဖြစ်သည်။ သို့ကြောင့် ပြည်ပတီးလုံးတီးကွက်တို့ လွှမ်းမိုးမှုကို ခံယူရန်မလိုပါချေ။ အိန္ဒိယသားတို့၏ ဂုဏ်ရတ်ပန်းချီလက်ရာသို့လည်းကောင်း၊ ခမာတို့၏ ရှေးဟောင်းကျောက်တန်ဆောင်း ဗိသုကာလက်ရာသို့လည်းကောင်း၊ တရုတ်တို့၏ ကြွေထည်လက်ရာသို့လည်းကောင်း မြန်မာဂီတကို ထိန်းသိမ်းနေရမည်သာဖြစ်သည်။ အရိုးမှန်၊ အစဉ်မှန်ဖြစ်သော မြန်မာ့ဂီတကို ပြန်လည်လေ့လာခြင်း၊ ထိန်းသိမ်းခြင်းသည်သာ မိမွေဘမွေကို လက်ဆင့်ကမ်းသယ်ဆောင်ခြင်းဖြစ်သည်ဟု နှလုံးသွင်းကြရန်ဖြစ်ပါတော့သည်။

**ကိုးကား**

– **မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၀)**

# မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကို ပြန်လည်ဖွင့်လှစ်ထား



**ရန်ကုန် ဩဂုတ် ၃**

ကိုဗစ်ကာလမှစတင်ကာခေတ္တပိတ်ထားသည့် မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကို ယနေ့တွင် အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် ပြန်လည်ဖွင့်လှစ်ထားပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဇဟိုအလုပ်အမှုဆောင် ဒါရိုက်တာ အေဝမ်းသိမ်းထွန်းက ပြောပြ၍ သိရသည်။

မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်သည် ၁၉၉၅ ခုနှစ် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပွဲ ကျင်းပနေချိန်တွင် ရှေးဟောင်းရုပ်ရှင်ကြော်ငြာ၊ လက်ကမ်းစာစောင် စသည့်ရုပ်ရှင်သမိုင်းဆိုင်ရာပစ္စည်းများကို အများပြည်သူလေ့လာနိုင်ရန် သိမ်းဆည်းထားသူများက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ လာရောက်ပေးအပ်ကြရာမှစတင်ကာ ပြတိုက်ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပြီး ၁၉၉၈ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ပြတိုက်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

"ကိုဗစ်ကာလ လောက်ကတည်းက ပြတိုက်ကို ပိတ်လိုက်တာပါ။ ပြန်လည်ဖွင့်လှစ်ဖို့ နှစ်ကြိမ်လောက် ကြိုးစားခဲ့တယ်။ သုံးကြိမ်မြောက်မှာတော့ ဖွင့်လှစ်ဖို့ ဆုံးဖြတ်လိုက်ကြတာပါ။ ပြတိုက်ရဲ့အထဲက ပြုပြင်မှုတွေလဲ အကုန်အသင့်ဖြစ်သွားပြီပေါ့။ ရုပ်ရှင်သမားတွေကတော့ ခေတ်ကာလအပေါ်မူတည်ပြီး ဝတ်စားဆင်ယင်မှုတွေမြင်တွေ့ရမှာပါ။ ပြတိုက်ဖွင့်ချိန်မှာ တချို့ကတော့ ကျောင်းတွေက လာရောက် လေ့လာကြတာတွေလဲ ရှိပါတယ်။ သံရုံးဘက်ကလူတွေ လာရောက် လေ့လာကြတာတွေလဲ ရှိတယ်။ နိုင်ငံခြားသားတွေ လာရောက် လေ့လာကြပါတယ်။ မြန်မာ့ရုပ်ရှင်ကို စိတ်ဝင်စားသူတွေ လာရောက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု ဒါရိုက်တာ အေဝမ်းသိမ်းထွန်းက ပြောပြသည်။

မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်အတွင်း ငွေရတု၊ ရွှေရတု၊ စိန်ရတု၊ ရာပြည့်ပြခန်းအဖြစ် ပြခန်းလေးခန်း ပြသထားပြီး စက်မှုပြခန်းတွင် ရုပ်ရှင်စပေါ်ကတည်းက လက်လှည့်ကင်မရာမှ စတင်ကာ ယနေ့ခေတ်ပေါ် ကင်မရာများထိ ပြသထားကြောင်း၊ ရုပ်ရှင်ထူးချွန်ဆုပြခန်းတွင် ၁၉၅၂ ခုနှစ် ရုပ်ရှင်ထူးချွန်ဆု ရရှိသူများမှ စတင်ကာ လက်ရှိကာလထိ ရုပ်ရှင်ထူးချွန်ဆုရရှိသူများ၏ ဆုရဓာတ်ပုံများကို ပြသပေးထားကာ ပြခန်းစုစုပေါင်း အခန်းခြောက်ခန်းနှင့် ဖွဲ့စည်း ဖွင့်လှစ်ထားကြောင်းလည်း သိရသည်။

ASH

# Horizon An American Saga-2 ကို ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပြသမည်

**နယူးယောက် ဩဂုတ် ၃**

ကမ္ဘာကျော်ဒါရိုက်တာရုပ်ရှင်မင်းသား ကီဗင်ကော့စတာ၏ Horizon:An American Saga -2 ဇာတ်ကားကို ယခုနှစ် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက် ပြသမည်ဖြစ်ကြောင်း ဩဂုတ် ၂ ရက် သတင်းများအရ သိရသည်။

Horizon:An American Saga - 2 ကို အီတလီနိုင်ငံ ဗင်းနစ်မြို့တော်၌ကျင်းပမည့် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ယခုနှစ် စက်တင်ဘာ ၇ ရက်တွင် မိတ်ဆက်ပြသမည်ဖြစ်သည်။

Horizon : An American Saga- 2 ဇာတ်ကားတွင် မင်းသမီး ဆီနာမီလာ၊ မင်းသား ဆမ်ဝေါ့သင်တန်တို့နှင့်အတူ ဒါရိုက်တာ ကီဗင်ကော့စတာ ကိုယ်တိုင်လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။


ဒါရိုက်တာ ကီဗင်ကော့စတာသည် Horizon: An American Saga - 1 ဇာတ်ကားကိုလည်း စက်တင်ဘာ ၇ ရက်တွင် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပြသရန် စီစဉ်ထားသည်။

Horizon: An American Saga ဇာတ်ကားများသည် အမေရိကန်အနောက်ပိုင်း မြင်းစီးသေနတ်သမား လောကနောက်ခံ ရုပ်ရှင်ဇာတ်ကားများ ဖြစ်ကြသည်။

Horizon: An American Saga-2 အတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်မှာ အမေရိကန်ဒေါ်လာသန်း ၅၀ ထိရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**






# စင်ဒရဲလားရှာပုံတော် ရုပ်သံဇာတ်လမ်းကို SKYPREMIER HD မှ ထုတ်လွှင့်မည်



**ရန်ကုန် ဩဂုတ် ၃**

စင်ဒရဲလားရှာပုံတော် အမည်ရှိ ရုပ်သံဇာတ်လမ်းကို ဩဂုတ် ၄ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် မင်းတော်ဝင်က ပြောပြ၍ သိရသည်။

စင်ဒရဲလားရှာပုံတော် ရုပ်သံဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မင်းတော်ဝင်က ရေးသားထားပြီး ဒါရိုက်တာ အောင်ပိုက်က တာဝန်ယူပုံဖော် ရိုက်ကူးထားသည့် ရုပ်သံဇာတ်လမ်းလည်းဖြစ်ကြောင်း သိရသည်။

"အချစ်ဟာသ ဇာတ်မြူးလေးပါ။ တစ်ပိုင်းတည်း အပြီး ဇာတ်လမ်းလေး ဖြစ်ပါတယ်"ဟု သရုပ်ဆောင် မင်းတော်ဝင်က ပြောပြသည်။

စင်ဒရဲလားရှာပုံတော် ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင် မင်းတော်ဝင်၊ ဝေဖြိုး၊ ငှက်ပျောကြော်၊ ထက်အဥ္ဇလီ၊ ပန်းသော်တာ၊ မီကိုခန့်၊ မျိုးမျိုးခိုင်၊ ခရစ်ဝင်း၊ ခိုင်စု၊ ငြိမ်းသော်ထွန်း စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားပြီး ဇာတ်လမ်းကို ဩဂုတ် ၄ ရက် တနင်္ဂနွေနေ့ ည ၇ နာရီတွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Pursuit of Touch ဇာတ်ကား၌ မင်းသား ဒန်နီရာမီးရက် ပါဝင်မည်

**နယူးယောက် ဩဂုတ် ၃**

Pursuit of Touch အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား ဒန်နီရာမီးရက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၂ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို မင်းသား ဒန်နီရာမီးရက်က ဇာတ်ညွှန်းရေးဆရာ ဂျရယ်မီအိုဟားရစ်နှင့်အတူ တွဲဖက်ရေးသားမည်ဖြစ်သည်။

Pursuit of Touch ဇာတ်ကားတွင် မင်းသား ရာမီးရက်သည် အန္တရာယ်များသည့် အကြံအစည်ကြီးတစ်ခု၌ ပါဝင်ပတ်သက်နေသော မိန်းကလေးတစ်ဦးကို ကယ်တင်ရန်ကြိုးစားသည့် အာဖဂန်စစ်ပြန်တစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Pursuit of Touch ဇာတ်ကား တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

မင်းသား ဒန်နီရာမီးရက်သည် ဒါရိုက်တာ တော့ဟေးနက်၏ ဇာတ်ကားသစ်တစ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ရန် စီစဉ်ထားသည်။

လက်ရှိတွင် Pursuit of Touch ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**





# မြို့ရွှေမန်းသားရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးသည့် အချစ်ဒဏ် ဇာတ်ကား ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ရိုက်ကူးလျက်ရှိ

**ရန်ကုန် ဩဂုတ် ၃**

မြို့ရွှေမန်းသား ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အချစ်ဒဏ် ရုပ်ရှင်ဇာတ်ကား ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည် ရိုက်ကူးနေကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင်ဇာတ်မင်းသား ချမ်းညီညီကပြောပြ၍ သိရသည်။


အချစ်ဒဏ် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ နီကိုရဲ၏ ဝတ္ထုဇာတ်လမ်းကို စွမ်းပိုင်ကဇာတ်ညွှန်းရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ မောင်ပြည့်ဝ (ပန်းဝေသီ)က မြို့ရွှေမန်းသား ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

"ဇာတ်လမ်းကတော့ ဆရာနီကိုရဲရဲ့ ဇာတ်လမ်းဆိုတော့ ကောင်းပြီးသားပါ။ ဒါရိုက်တာကော၊ ထုတ်လုပ်သူကောကပါ ဒီဇာတ်လမ်းနဲ့လိုက်တယ်ဆိုတဲ့အတွက် ရိုက်ဖြစ်သွားတာပါ။ သဘင်လောကမှာ နာမည်ရတဲ့အတွက် ရုပ်ရှင်လောကကို ကူးလာတဲ့သဘောတော့ မဟုတ်ပါဘူး။ အရင်ကတည်းက ရုပ်ရှင်သရုပ်ဆောင်အနေနဲ့ ဝါသနာပါပါတယ်။ သဘင်လောက ကနေ အောင်မြင်သွားတဲ့ ကိုကျော်ကျော်ဗိုတို့၊ စွမ်းတို့ အခုဆို ကိုဟန်ဇာမိုးဝင်းတို့၊ ကိုတင်မောင်ဆန်းမင်းဝင်း တို့ကိုလဲ အားကျတာလဲ ပါတဲ့အတွက် ကြိုးစားကြည့်ချင်တာပါ။ သဘင်ကိုတော့ မမေ့ပါဘူး။ ရုပ်ရှင်ရိုက်ကူးရေးတွေ နားတဲ့ရက်တွေမှာ ဇာတ်ခုံပေါ်မှာပဲ ပြန်မြင်ရမှာပါ" ဟု သရုပ်ဆောင် ဇာတ်မင်းသား ချမ်းညီညီက ပြောပြသည်။

အချစ်ဒဏ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ဇာတ်မင်းသား ချမ်းညီညီ၊ အေးမြတ်သူ၊ အထူးသရုပ်ဆောင် ဇာတ်မင်းသားကြီး ချမ်းသာနှင့် သဘင်လောကမှ ဇာတ်မင်းသား၊ မင်းသမီးများနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်နေပြီး ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၂ ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects locomotive assembling plant (Nay Pyi Taw) of mechanical and electrical engineering department of Myanma Railways and National Museum (Nay Pyi Taw)


Senior General Min Aung Hlaing listens to the presentation on detour railroad construction.

**Nay Pyi Taw August 3**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspected locomotive assembling plant (Nay Pyi Taw) of mechanical and electrical engineering department of Myanma Railways, Ministry of Transport and Communications and National Museum (Nay Pyi Taw) in Pobbathiri Township, Nay Pyi Taw Council Area this morning.

The Senior General was welcomed by Joint SAC Secretary Lt-Gen Ye Win Oo, union ministers General Mya Tun Oo, Admiral Tin Aung San, Dr Charlie Than, U Myo Thant, Nay Pyi Taw Council Chair U Than Tun Oo, Nay Pyi Yaw Command Commander Maj-Gen Soe Min and officials at the plant.

The Senior General and party were conducted round the Japanese-made DEMU coaches and Myanmar-made DEMU coaches that will be used in Yangon-Mandalay rail line. The Senior General gave necessary guidance.

At the meeting hall, Deputy Prime Minister Union Minister for Transport and Communication General Mya Tun Oo and Deputy Minister U Aung Myaing conducted a powerpoint presentation on brief history of the plant and functions, progress in following the guidance given by the Senior General during his inspection trip in September 2021, test production steps of DEMU passenger coaches in Myitnge plant, part-by-part installation of DEMU passenger coaches in Nay Pyi Taw, and efforts for the availability of necessary sections of DEMU coaches.

In response, the Senior General said of the country's modes of transportation, rail transportation is greatly helpful for the nation. Railways, locomotives, and wagons and coaches need constant maintenance. Research has two parts. Efforts should be made for systematization of train erection and stations, cleanness and pleasantness of areas along the rail tracks, using of railway territories effectively, continuous research and development programs for constant availability of rail and coach technology. Myanma Railways must try to enter a new age. Continuous efforts must be made to erect DEMU coaches locally and must have plans to lay rail lines for electric trains in the future. Plans and calculations must be made in advance to upgrade the tracks and stations and overpasses to meet the required standard for electric trains. Priority must be given to Yangon-Pyay and Nay Pyi Taw-Mandalay railroads. Trains must meet the speeds of their kinds, and the tracks must meet the required quality and durability standard. Rail transportation needs priority as it truly benefits the country. Trains can cut fuel consumption and time. Constant commodity flow must be ensured on the main railways of the country. Arrangements should be made for the convenience of city circular train passengers. MR must have continuous maintenance programs for coaches and continue to erect new coaches. Railway areas should be effectively used and research must be conducted for Myanmar rail services to meet the international standard. *See Page 13*


Senior General Min Aung Hlaing inspects a new railway carriage.


Senior General Min Aung Hlaing inspects production line.


Senior General Min Aung Hlaing inspects a new railway carriage.


Senior General Min Aung Hlaing views fossils.


Senior General Min Aung Hlaing views documentary photos.

*From Page 12*

Train charges must be fair for the public. As rail services truly benefits the country, efforts should be made to upgrade MR.

Afterward, the Senior General presented cash rewards for the factory staff to the factory manager and responsible officials.

Then, the Senior General and party proceeded to the National Museum (Nay Pyi Taw) and were welcomed by Union Minister for Religious Affairs and Culture U Tin Oo Lwin and officials.

Then, the union minister reported to the Senior General on historical facts, records, culture and maintenance of areas, walls and buildings of Taungoo Ketumati Ancient City, conditions of the walls of Mandalay Palace, moat and bridges, reconstruction of bridges damaged in the Second World War and measures taken for reconstruction of auspicious Seshe Bridge.

Afterward, the Senior General and party watched the video clip about the history of the National Museum (Nay Pyi Taw).

Then, Deputy Prime Minister and Union Minister for Transport and Communications General Mya Tun Oo repoted to the Senior General on measures taken for construction of Taungoo railway ring road.

Afterward, the Senior General gave instructions on the needs to excavate and maintenance of historical monuments like palaces as much as possible, excavate the palace wall of Ketumati palace of the Taungoo Dynasty, to move ministry buildings that are necessary to move, to avoid moving religious edifices currently, to do maintenance works for the moat, to do maintenance works of ancient cultural buildings according to possible historical facts, to conserve ancient cultural buildings, to compile facts and evidence necessary to reconstruct the auspicious Mingalar bridge of the Mandalay palace, to reconstruct the bridge in its original design, to upgrade roads leading to the bridge, for all citizens to value the history of the country, to develop farmland for the site to construct the Taungoo Station, to systematically design the extended new town before it is developed and to consider the long-term requirements for the ring rail road.

Then, the Senior General inspected the exhibition booths in the National Museum and attended to needs reported by responsible officials. 100

# Pigeon peas thrive on 115,660 acres of rain-fed land in Kantbalu Township

**Kantbalu August 3**

A total of 115,660 acres of pigeon peas have been planted in Kantablu Township, Kantablu District, Sagaing Region during this year's rain crops planting season, according to statistics from the Department of Agriculture for Kantablu Township.

During the 2024-2025 rain crops planting season, 136,124 acres of pigeon peas have been earmarked to plant in Kantbalu Township and 115,600 acres have been planted since May of this year.

"During this year's rain crops planting season, 136,124 acres of pigeon peas have been earmarked for planting in Kantbalu Township. Up to now, 115,660 acres have been planted. We also help the growers to improve the yield of pigeon peas. The pigeon peas are grown separately and are also grown as intercrops," said U Myo Zaw, head of the Department of Agriculture for Kantablu Township.

This year, the Township Department of Agriculture instructed those who planted pigeon peas in Kantbalu Township to select good varieties, correct planting methods, and provide field education for pest safety and good yield.

206

# EV sales to pick up in ASEAN: Malaysia research house

**Kuala Lumpur August 3**

Favorable regulations, local brands and penetration of Chinese carmakers will drive electric vehicle (EV) sales higher in ASEAN countries including Malaysia, according to a research house.

Maybank Investment Bank said in a note on Thursday that it sees ASEAN companies that are partnering with Chinese car makers for manufacturing and sales and battery value chain companies to benefit from the EV rush, backed by battery minerals/ecosystem, a large automotive production base and robust demand.

According to the research house, Malaysia is planning to cut its fuel subsidies, which could prompt demand for EVs.

Xinhua

# Over 30 killed in hotel attack in Somali capital

**Mogadishu August 3**

At least 31 people were killed and 61 others wounded after al-Shabab militants stormed a beachside hotel in Somalia's capital on Friday evening, police confirmed on Saturday morning.

Most of the victims were killed outside Lido Beach Hotel in Mogadishu, a popular hangout spot surrounded by striking beach hotels and restaurants and frequented by government officials and businessmen, according to the police.

Five militants were killed by security forces and a suicide bomber was killed after detonating the explosives inside the hotel, the police said in a statement.

Security forces evacuated many civilians trapped in the beachside hotel and safely defused an explosive-laden vehicle parked in the area, said the police, adding that the security forces have ended the siege.

The attack, which has been condemned by the government and former officials, came a day after UN agencies warned of a potential large-scale attack by al-Shabab in the restive city.

A video clip shared on local media showed many people lying on the beach, either dead or badly injured with some calling for help.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Organizations condemn MNDAA's attack

**Nay Pyi Taw August 3**

MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, leaving residents, departmental personnel and families of security forces receiving medical treatment at the hospital dead and hurt. They forcibly abducted some local people. Moreover, some locals temporarily left other regions.

MNDAA committed war crimes, and Young Men's Buddhist Association-YMBA (Central), Myanmar Interfaith Dialogue Group (Central), Myanmar Evangelical Christian Alliance, Union of Myanmar Methodist Church (Lower Myanmar), Faith Evangelical Church (Bago), Deliverance Church (Yangon), All Myanmar Hindu Central Council, All Myanmar Tamil Hindu Foundation (HQ), Thananta Dhamma Palaka (Hindu) Association, Islamic Religious Affairs Council Myanmar, Myanmar Press Council, Myanmar Sports Media Federation, Myanmar Motion Picture Organization, Myanmar Music Association (Central), Myanmar Artists Organization (Central), Myanmar Theatrical Association (Central), Myanmar Comedians' Association, Myanmar Writers' Association, Pinnaygone Yakhine Jaame Mosque and Buthidaung-Maungtaw Regional Development Association issued statement strongly condemned the MNDAA's attacks which caused residents, departmental personnel and families of security forces receiving medical treatment at the hospital deaths and injuries. **100**

## Statement of Young Men's Buddhist Association-YMBA (Central)

**3 August 2024**

1. MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, leaving residents, departmental personnel and families of security forces receiving medical treatment at the hospital dead and injured.
2. Moreover, the attacks of MNDAA resulted in causalities, and other locals fled to different places, facing losses in the socio-economic sector.
3. In its statement, the Young Men's Buddhist Association-YMBA (Central) objected to and condemned deaths and injuries of residents, departmental personnel and families of security forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings.

**Young Men's Buddhist Association-YMBA (Central)**

## Statement of Myanmar Interfaith Dialogue Group (Central)

**3 August 2024**

1. MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, leaving residents, departmental personnel and families of security forces receiving medical treatment at the hospital dead and hurt.
2. In its statement, the Myanmar Interfaith Dialogue Group (Central) objected to and condemned deaths and injuries of residents, departmental personnel and families of security forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings.

**Myanmar Interfaith Dialogue Group (Central) Executive Committee**

မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်
Myanmar Evangelical Christian Alliance

## Statement of the Myanmar Evangelical Christian Alliance

**3 August 2024**

1. MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, leaving residents, departmental personnel and families of security forces receiving medical treatment at the hospital dead and injured.
2. In its statement, the Myanmar Evangelical Christian Alliance objected to and condemned deaths and injuries of locals, departmental personnel and families of security forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings. **Myanmar Evangelical Christian Alliance**

## Statement of Union of Myanmar Methodist Church (Lower Myanmar)

**3 August 2024**

MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, causing deaths and injuries to residents, departmental personnel and families of security forces receiving medical treatment at the hospital deaths and injuries.

In its statement, the Union of Myanmar Methodist Church (Lower Myanmar) objected to and condemned casualties of residents, departmental personnel and families of security forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings.

**Union of Myanmar Methodist Church (Lower Myanmar)**

## Statement of Faith Evangelical Church (Bago)

**3 August 2024**

MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, leaving residents, departmental personnel and families of security forces receiving medical treatment at the hospital dead and hurt.

In its statement, the Faith Evangelical Church (Bago) objected to and condemned deaths and injuries of local people, departmental personnel and families of security forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings.

**Faith Evangelical Church (Bago)**

## Statement of Deliverance Church (Yangon)

**3 August 2024**

MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, causing deaths and injuries to residents, departmental personnel and families of security forces receiving medical treatment at the hospital.

In its statement, the Deliverance Church (Yangon) objected to and condemned casualties of residents, departmental personnel and families of security forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings.

**Deliverance Church (Yangon)**

ALL MYANMAR HINDU CENTRAL COUNCIL

## Statement of All Myanmar Hindu Central Council

**3 August 2024**

1. MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, leaving residents, departmental personnel and families of security forces receiving medical treatment at the hospital dead and wounded.
2. In its statement, the All Myanmar Hindu Central Council objected to and condemned deaths and injuries of locals, departmental personnel and families of security forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings.

**All Myanmar Hindu Central Council**

ALL MYANMAR TAMIL HINDU FOUNDATION (H.Q.)

## Statement of All Myanmar Tamil Hindu Foundation (HQ)

**3 August 2024**

1. MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, causing deaths and injuries to local people, departmental personnel and families of security forces receiving medical treatment at the hospital. Some locals were also forcefully abducted. The remaining residents flee to safer places, suffering from the loss of their socioeconomic lives.
2. Thus, the All Myanmar Tamil Hindu Foundation (HQ) objected to and condemned these terrorist attacks by MNDAA.

**All Myanmar Tamil Hindu Foundation (HQ)**

*See Page 15*

*From Page 14*

## Statement of Thananta Dhamma Palaka (Hindu) Association

**3 August 2024**

MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, causing deaths and injuries to residents, departmental personnel and families of security forces receiving medical treatment at the hospital.

In its statement, the Thananta Dhamma Palaka (Hindu) Association objected to and condemned casualties of local people, departmental personnel and families of security forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings.

**Thananta Dhamma Palaka (Hindu) Association**

## Statement of Islamic Religious Affairs Council Myanmar

**3 August 2024**

MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, causing deaths and injuries to local people, departmental personnel and families of security forces receiving medical treatment at the hospital. Some locals were also forcefully abducted.

In its statement, the Islamic Religious Affairs Council Myanmar objected to and condemned casualties of residents, departmental personnel and families of security forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings.

**Islamic Religious Affairs Council Myanmar**

PINNAYGONE YAKHINE JAAME MOSQUE

No 1, 130th Street, Mingala Taungnyunt Township, Yangon, Myanmar, Tel: 01 – 291122

## Statement of Pinnaygone Yakhine Jaame Mosque

**3 August 2024**

1. MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, causing deaths and injuries to local people, departmental personnel and families of security forces receiving medical treatment at the hospital. Some locals were also forcefully abducted.
2. In its statement, the Pinnaygone Yakhine Jaame Mosque objected to and condemned casualties of residents, departmental personnel and families of security forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings.

**Pinnaygone Yakhine Jaame Mosque**

## Statement of Buthidaung-Maungtaw Regional Development Association

**3 August 2024**

1. MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, causing deaths and injuries to local people, departmental personnel and families of security forces receiving medical treatment at the hospital. Some locals were also forcefully abducted.
2. In its statement, the Buthidaung-Maungtaw Regional Development Association objected to and condemned casualties of residents, departmental personnel and families of security forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings.

**Buthidaung-Maungtaw Regional Development Association**

## Statement of Myanmar Artists Organization (Central)

**3 August 2024**

1. MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, leaving residents, departmental personnel and families of security forces receiving medical treatment at the hospital dead and injured.
2. It is sad to hear that civilians are fleeing to safer areas amid escalating tensions and rising casualties, exacerbating humanitarian concerns.
3. In its statement, the Myanmar Artists Organization (Central) objected and condemned deaths and injuries of residents, departmental personnel and families of security forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings. **Myanmar Artists Organization (Central)**

## Statement of Myanmar Theatrical Association (Central)

**3 August 2024**

MNDAA terrorists attacked the Tatmadaw hospital in Lashio of Shan State (North) with rockets, heavy weapons and drones and attached there with excessive strength. Residents, departmental personnel and families of security forces receiving medical treatments at the hospital were killed in the incidents. Some of them were abducted. It was heard that the terrorists fire at residential wards in Lashio with rockets, heavy weapons and drones. So, residents were killed and wounded in the incidents, and some people left their residences.

Myanmar Theatrical Association (Central) did not totally accept and strongly condemned their terror acts.

**Myanmar Theatrical Association (Central)**

## Statement of Myanmar Comedians' Association

**3 August 2024**

MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, causing deaths and injuries to residents, departmental personnel and families of security forces receiving medical treatment at the hospital. Civilians are fleeing to safer areas amid escalating tensions and rising casualties, exacerbating humanitarian concerns.

In its statement, the Myanmar Comedians' Association objected to and condemned casualties of local people, departmental personnel and families of security forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings.

**Myanmar Comedians' Association**

## Statement of Myanmar Sports Media Federation

**3 August 2024**

MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, causing deaths and injuries to local people, departmental personnel and families of security forces receiving medical treatment at the hospital. Some locals were also forcefully abducted. The remaining residents are fleeing to safer areas amid escalating tensions and rising casualties, exacerbating humanitarian concerns.

In its statement, the Sports Media Federation objected to and condemned casualties of residents, departmental personnel and families of security forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings.

**Sports Media Federation**

## Statement of Myanmar Press Council

**3 August 2024**

1. MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones.
2. That terrorist attack causes deaths and injuries to local people, departmental personnel and families of security forces receiving medical treatment at the hospital. Some locals were also forcefully abducted.
3. It is sorrowful to hear that civilians are fleeing to safer areas amid escalating tensions and rising casualties, exacerbating humanitarian concerns due to the fact that terrorists, with no reason, are committing attacks on non-military targets, including houses and wards and religious buildings.

Thus, the Myanmar Press Council objected to and condemned this deliberate perpetration of attacks by terrorists.

**Myanmar Press Council**

## Statement of Myanmar Writers' Association

**3 August 2024**

1. MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, leaving residents, departmental personnel and families of security forces receiving medical treatment at the hospital dead and injured.
2. In its statement, the Myanmar Writers' Association objected and condemned deaths and injuries of residents, departmental personnel and families of security forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings.

**Myanmar Writers' Association**

## Statement of Myanmar Music Association (Central)

**3 August 2024**

MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, leaving residents, departmental personnel and families of security forces receiving medical treatment at the hospital dead and hurt. Civilians are fleeing to safer areas amid escalating tensions and rising casualties, exacerbating humanitarian concerns.

In its statement, the Myanmar Music Association (Central) objected to and condemned deaths and injuries of residents, departmental personnel and families of security forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings.

**Myanmar Music Association (Central)**


## Statement of Myanmar Motion Pictures Organization

**3 August 2024**

1. MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, causing deaths and injuries to local people, departmental personnel and families of security forces receiving medical treatment at the hospital. Some locals were also forcefully abducted.
2. In its statement, the Myanmar Motion Pictures Organization objected to and condemned casualties of residents, departmental personnel and families of security forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings.

**Myanmar Motion Pictures Organization**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က တောင်ငူမြို့ ကေတုမတီမြို့ဟောင်းနှင့် ပတ်သက်သည့် သမိုင်းကြောင်းများ၊ သမိုင်းမှတ်တမ်းများ၊ ယဉ်ကျေးမှုဆိုင်ရာများ၊ ရှေးဟောင်းနယ်မြေများ၊ မြို့ရိုးများနှင့်အဆောက်အအုံများကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှူးနှင့်တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်(နေပြည်တော်)သို့ရောက်ရှိကြရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အမျိုးသားပြတိုက် (နေပြည်တော်) Mini theater ၌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က တောင်ငူ ကေတုမတီမြို့ဟောင်းနှင့်ပတ်သက်သည့် သမိုင်းကြောင်းများ၊ သမိုင်းမှတ်တမ်းများ၊ ယဉ်ကျေးမှုဆိုင်ရာများ၊ ရှေးဟောင်းနယ်မြေများ၊ မြို့ရိုးများနှင့်အဆောက်အအုံများကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မန္တလေးနန်းမြို့ရိုး၊ ရေကျုံးနှင့် တံတားများတည်ဆောက်ထားရှိမှု၊ ဒုတိယကမ္ဘာစစ်အတွင်း တံတားများပျက်စီးခဲ့မှုနှင့် ပြန်လည်ပြင်ဆင်မှုများဆောင်ရွက်ခဲ့မှု၊ မင်္ဂလာတံတားတစ်ခုဖြစ်သည့် စည်ရှည်တံတားကို ပြန်လည်တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက် (နေပြည်တော်)၏ သမိုင်းကြောင်းဗီဒီယိုကို ကြည့်ရှုကြသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက တောင်ငူမြို့ရှောင်ရထားလမ်း တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့၏ သမိုင်းကြောင်းအရ အထင်ကရရှိခဲ့သည့် ဘုရင့်နန်းတော်များကို အဖြစ်နိုင်ဆုံး ဖော်ထုတ်ထိန်းသိမ်း စောင့်ရှောက်ရန်လိုကြောင်း၊ တောင်ငူနန်းတော်ရာနေရာနှင့် ကေတုမတီမြို့ရိုးအား ပြန်လည်ဖော်ထုတ်နိုင်ရေးဆောင်ရွက်ရန်နှင့် ပြောင်းရွှေ့ရန်လိုအပ်သည့် ဝန်ကြီးဌာနအဆောက်အအုံများကို ပြောင်းရွှေ့သွားရန်လိုကြောင်း၊ သာသနိကအဆောက်အအုံများကို လက်ရှိအချိန်တွင်ပြောင်းရွှေ့ခြင်းမပြုရန်လိုကြောင်း၊ ကျုံးကိုလည်း ပြန်လည်ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ကေတုမတီမြို့ရိုးများ ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ဖြစ်နိုင်ဖွယ်ရာ အချက်အလက်များနှင့်အညီဆောင်ရွက်သွားရန်လိုကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများကို ပြန်လည်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မန္တလေးနန်းတော်ရှိ မင်္ဂလာတံတားတစ်စင်းဖြစ်သည့် စည်ရှည်တံတားနှင့်ပတ်သက်၍ ပြန်လည်တည်ဆောက်ရန်အတွက် လိုအပ်သည့်အချက်အလက်များနှင့် အထောက်အထားများပြည့်စုံအောင် ပြုစုဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်တည်ဆောက်ရာတွင်လည်း ရှေးမူမပျက် မူလပုံစံအတိုင်း တည်ဆောက်သွားနိုင်ရန်လိုကြောင်း၊အလားတူ တံတားနှင့်ဆက်စပ်လျက်ရှိသည့်လမ်းများကိုလည်း ကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံသားအားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကိုတန်ဖိုးထားထိန်းသိမ်းသွားရန်လိုကြောင်း၊ တောင်ငူဘူတာတည်ဆောက်ရန်အတွက် လျာထားသည့်မြေမှ လယ်ယာမြေများအား ကြိုတင်ဖော်ထုတ်ပေးရန်လိုကြောင်း၊ တိုးချဲ့မြို့သစ်ကို စနစ်တကျပုံစံ ထုတ်လုပ်ပြီးမှ ဆောင်ရွက်ရန်လိုကြောင်း၊ တောင်ငူမြို့ရှောင်ရထားလမ်း တည်ဆောက်ရာတွင်လည်း ရေရှည်အတွက်စဉ်းစား၍ ဆောင်ရွက်သွား ရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အမျိုးသားပြတိုက် (နေပြည်တော်)အတွင်း ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ ဂုဏ်ပြုပေးအပ်စဉ်။



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ ဂုဏ်ပြုပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့ နေ့လယ်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်ငါးဆယ့်နှစ်သိန်းနှင့် ငွေကျပ်တစ်ဆယ့်ရှစ်သိန်း တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် သိန်းတစ်ရာ့နှစ်ဆယ်ကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်း တစ်ရာ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်းနှစ်ရာနှစ်ဆယ့်ခြောက်သိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်းတစ်ရာလေးဆယ့်ခြောက်သိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ နေပြည်တော်ကောင်စီ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်းနှစ်ရာ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက တိုင်းမှူးထံ အသီးသီး ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(၅၀၁)

## စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၄၅/၂၀၂၄**
၁၃၈၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ် ဩဂုတ်လ ၃ ရက်)

**စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တာဝန်ကို ပူးတွဲတာဝန်ပေးအပ်ထားသည့် ဒုတိယဗိုလ်ချုပ်ကြီးနိုလင်းအောင်အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။**

**နေပြည်တော် ဩဂုတ် ၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အပါအဝင် မြို့နယ် သုံးမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း စာသင်ကျောင်းများအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ စာသင်ကျောင်းများပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ သူနာပြုသင်တန်းကျောင်း၌ လည်ကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ ခရမ်းမြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံတို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ လေးကျွန်းရန်အောင် ဖောင်တော်ဦးစေတီတော်၌လည်းကောင်း အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းပေးခြင်းစသည့် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်ပေးကြသည်။



**ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။**

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာနိုင်ငံပြန်တမ်း

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ်ဝင်းဇော်မိုးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။


**ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့်**
**(Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။


## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အားပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်

**နေပြည်တော် ဩဂုတ် ၃**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော် ထိန်းသိမ်းလျက်ရှိရာ ရေကန် ၂၂ ကန် ပြန်လည်တူးဖော်ထိန်းသိမ်းပြီးဖြစ်ပါသည်။ ရေကန် ခုနစ်ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းရေးဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကျန်ရှိနေသောရေကန်များကိုလည်း ဆက်လက်၍ တူးဖော်ထိန်းသိမ်းကန်ဆယ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှလှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်း လှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.၀၆၇၁၃၉၀၆၇၀၁၄၄၂၇၀၁ တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

☆ ကျောဖုံးမှအဆက်

လူနာ သုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနေ့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာဖြစ်သူ ဦးတင်ယုနှင့် တူမဖြစ်သူ အသည်းအလှူရှင် မသီရိဝင်းကိုတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၅ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုး ခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့်ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူအရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ပြီး ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တိုးတက်မှုနှင့်ဖွံ့ဖြိုးမှုဆီ ထာဝရရှေးရှုဦးတည်နေသည့် CPC

ထက်မြတ်




စာရေးသူဟာ ပြီးခဲ့တဲ့လက တရုတ်နိုင်ငံ ပေကျင်းမြို့ကို အလုပ်ကိစ္စနဲ့သွားခဲ့ရပါသေးတယ်။ ဒါနဲ့ဆိုရင် နှစ်ကြိမ်မြောက်ပေါ့။ ပထမတစ်ခေါက်တုန်းက ဝူဟန်ကိုသွားပြီး နှီးနှောဖလှယ်ပွဲတက်ခဲ့တာပါ။

ဒီတစ်ခေါက်ခရီးအတွက် အဓိကတာဝန်ကတော့ ဇူလိုင်လ ၁၅ ရက်ကနေ ၁၈ ရက်အထိ ပေကျင်းမြို့မှာကျင်းပတဲ့ အကြိမ်(၂၀)မြောက် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီရဲ့ တတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးကိုသွားရောက်လေ့လာရတာပါ။

ပထမခရီးစဉ်မှာတုန်းက ကျွန်တော့်အနေနဲ့ တရုတ်နိုင်ငံရဲ့နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေကို ကျကျနနလေ့လာခွင့်ရခဲ့သလို အခုတစ်ခေါက်မှာလည်း တရုတ်ကွန်မြူနစ်ပါတီရဲ့ အမြော်အမြင်နဲ့ ရည်မှန်းချက်တွေကို အသေးစိတ်သိရှိခွင့်ရခဲ့ပြန်ပါတယ်။

ဒါကြောင့် တရုတ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေက ဘယ်လိုအခြေအနေရှိနေတယ်။ သူတို့ရဲ့ မျှော်မှန်းချက်တွေ၊ ရည်မှန်းချက်တွေက ဘယ်ဆီကိုဦးတည်နေတယ်ဆိုတာနဲ့ပတ်သက်ပြီး စာချစ်သူများ လေ့လာသိရှိနိုင်အောင်လို့ ဒီဆောင်းပါးလေးကို ရေးသားလိုက်ရပါတယ်။

တရုတ်ကွန်မြူနစ်ပါတီမှာ ဗဟိုကော်မတီဆိုတာရှိပါတယ်။ ဗဟိုကော်မတီထဲမှာ ပါတီရဲ့ထိပ်ပိုင်းခေါင်းဆောင်တွေပါဝင်ပြီး သူတို့ရဲ့အဓိကတာဝန်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ချက်များချမှတ်ပေးရတာပါ။ ဒါ့အပြင် တစ်ဖက်ကလည်း စည်းမျဉ်းစည်းကမ်းတွေထုတ်ပြန်ပြီး ပါတီကိုထိန်းကျောင်းမှုတွေလုပ်ရပါတယ်။

အခုကျင်းပတဲ့ မျက်နှာစုံညီအစည်းအဝေးက အကြိမ် (၂၀) မြောက် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီရဲ့ တတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးပါ။ ဒီအစည်းအဝေးကို ဗဟိုကော်မတီရဲ့ နိုင်ငံရေးဗျူရိုက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အထွေထွေအတွင်းရေးမှူး ရှီကျင့်ဖျင်က အရေးကြီးတဲ့မိန့်ခွန်းများကို ပြောသွားပါတယ်။

အဲဒီနောက် ရှီကျင့်ဖျင်က နိုင်ငံရေးဗျူရိုကိုယ်စား ဗျူရိုရဲ့လုပ်ငန်းဆောင်ရွက်မှုတွေကို ဖတ်ကြားတင်ပြမှုအပေါ် ဗဟိုကော်မတီကနားထောင်ဆွေးနွေးမှုတွေလုပ်ပါတယ်။ ပြီးတဲ့အခါ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီက နိုင်ငံအတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ရပ်ကို စဉ်းစားသုံးသပ်ချမှတ်လိုက်ပါတယ်။

ထိုဆုံးဖြတ်ချက်ကတော့ ရှေ့ဆက်တရုတ်နိုင်ငံရဲ့ခေတ်မီဖွံ့ဖြိုးတိုးတက်မှုအတွက် နက်ရှိုင်းတဲ့ ဘက်စုံပြုပြင်ပြောင်းလဲမှုအပေါ် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီရဲ့ဆုံးဖြတ်ချက်လို့ အမည်ပေးထားပါတယ်။

ဆုံးဖြတ်ချက်အမည်ကိုကြည့်ခြင်းအားဖြင့် တရုတ်နိုင်ငံဟာ အနာဂတ်အတွက် ပြုပြင်ပြောင်းလဲမှုတွေကို ဘယ်လောက် အတိုင်းအတာအထိ လုပ်ဆောင်သွားဖို့ရည်မှန်းထားတယ်ဆိုတာ မြင်ရမှာပါ။

ဒီဆုံးဖြတ်ချက်ရဲ့ ယေဘုယျရည်မှန်းချက်များက တရုတ်မူတရုတ်ဟန်နဲ့ဆိုရှယ်လစ်စနစ်ကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်၊ တရုတ်နိုင်ငံရဲ့အုပ်ချုပ်မှုစနစ်နဲ့စွမ်းရည်တွေကို ခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်လုပ်ဆောင်သွားဖို့ဖြစ်ပါတယ်။ ပြောရရင် ဘက်စုံထောင့်စုံကနေ ဖွံ့ဖြိုးတိုးတက်မှုဆီဦးတည်တာပါ။

တရုတ်နိုင်ငံဟာ နည်းပညာအကူအညီနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့ကို အဓိကရည်မှန်းလုပ်ဆောင်နေတဲ့ နိုင်ငံအဖြစ် တွေ့မြင်ရပါတယ်။ ဒါကြောင့်လည်း ၂၀၃၅ ခုနှစ်ရောက်တဲ့အခါ ဘက်စုံကဏ္ဍစုံမှာ အဆင့်အတန်းမြင့်မားတဲ့ ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ်ကို အပြီးတည်ဆောက်သွားမယ်လို့ဆိုထားတာပါ။

အခုလုပ်ဆောင်မယ်ဆိုတဲ့ အချက်တွေဟာ တရုတ်နိုင်ငံအတွက်တော့ အခြေခံအုတ်မြစ်တွေပါပဲ။ ဘာအတွက်လဲ




ဆိုရင် ယခုရာစုနှစ်ဝက်ဖြစ်တဲ့ ၂၀၅၀ ပြည့်နှစ်ဝန်းကျင်ရောက်တဲ့အချိန် တရုတ်နိုင်ငံကို ကဏ္ဍပေါင်းစုံမှာ တကယ့်ကို ကြီးကျယ်ခမ်းနားတဲ့ ခေတ်မီဆိုရှယ်လစ်နိုင်ငံတော်အဖြစ် တည်ဆောက်ဖို့အတွက်ပါ။

အဓိကကတော့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို ဦးစားပေးလုပ်ဆောင်သွားမယ်လို့ နားလည်ထားပါတယ်။ ယခုဆုံးဖြတ်ချက်ကချမှတ်လိုက်တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေဆိုတာက တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်မှုအနှစ် (၈၀) ပြည့်မြောက်တဲ့ ၂၀၂၉ ခုနှစ်မှာ အပြီးသတ်စေရမယ်လို့ဆိုပါတယ်။

ဒါ့အပြင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီက ဘက်စုံထောင့်စုံကနေ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စနစ်တကျစီစဉ်ထားတဲ့ နက်ရှိုင်းသောပြုပြင်ပြောင်းလဲမှုဆိုင်ရာ အစီအမံတွေကိုလည်း ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီအစီအမံတွေအကြောင်းကိုတော့ တစ်ခုချင်းစီတင်ပြသွားပါမယ်။

အဆင့်အတန်းမြင့်မားတဲ့ ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ဖို့အတွက်ဆိုရင် ပိုမိုမျှတမှုရှိပြီး ပြောင်းလဲနိုင်စွမ်းရှိတဲ့ ဈေးကွက်ဆိုင်ရာအသိုင်းအဝိုင်းတစ်ခုနဲ့အတူ ဈေးကွက်ရဲ့ အခန်းကဏ္ဍကိုမြှင့်တင်ရမှာဖြစ်ပြီး ဒီအတွက်လည်း အရင်းအမြစ်တွေကို ထိရောက်မှုအရှိနိုင်ဆုံးနဲ့ အတတ်နိုင်ဆုံးခွဲဝေအသုံးပြုသွားရမယ်လို့ဆိုပါတယ်။

တစ်ချိန်တည်းမှာပဲ ဈေးကွက်အပေါ်ချမှတ်ထားတဲ့ ကန့်သတ်ချက်တွေကို ဖယ်ရှားပြီး ဈေးကွက်အတွင်းအစီအစဉ်တကျရှိမှုကို အကောင်းဆုံးထိန်းသိမ်းနိုင်ဖို့နဲ့ ဈေးကွက်ဆုံးရှုံးမှုတွေကိုအကောင်းဆုံးကုစားပေးနိုင်မယ့် ထိရောက်မှုရှိတဲ့ စည်းမျဉ်းစည်းကမ်းများကိုချမှတ်သွားရမယ်လို့ဆိုထားပါတယ်။

တရုတ်နိုင်ငံဟာ လက်ရှိအခြေအနေမှာကိုပဲ တီထွင်ဖန်တီးနိုင်စွမ်းတွေက တခြားကမ္ဘာ့နိုင်ငံတွေနဲ့ ယှဉ်ပြိုင်နိုင်နေတဲ့အနေအထားပါ။ ဒီအနေအထားကိုမှ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ စီမံချက်တွေရေးဆွဲချမှတ်ထားတာဟာ သူတို့ရဲ့အမြော်အမြင်ကို အရှင်းသားမြင်နေရတာလို့ဆိုရပါလိမ့်မယ်။

ဒါ့အပြင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် မက်ခရိုစီးပွားရေးကလည်း အင်မတန်မှအရေးပါပါတယ်။ ဒါကြောင့် ကွန်မြူနစ်ပါတီဗဟိုကော်မတီက မက်ခရိုစီးပွားရေးအုပ်ချုပ်မှုစနစ်ပိုမိုတိုးတက်စေဖို့ကို အကောင်အထည်ဖော်ရမယ့် ကဏ္ဍတစ်ခုအနေနဲ့ ထည့်သွင်းထားပါတယ်။

ဒီကဏ္ဍမှာတိုးတက်စေဖို့အတွက်ဆိုရင် ဘဏ္ဍာရေး၊ ငွေကြေး၊ အခွန်နဲ့ တခြားအရေးပါတဲ့နယ်ပယ်တွေမှာ ပေါင်းစပ်ပြုပြင်ပြောင်းလဲမှုတွေလုပ်ရမယ့်အပြင် လို့ဖော်ပြထားပါတယ်။

အရည်အသွေးမြင့်မားတဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ဖို့ဆိုရင် ထောက်ပံ့ရေးကဏ္ဍရဲ့ဖွဲ့စည်းတည်ဆောက်ပုံကိုပြုပြင်ပြောင်းလဲဖို့၊ မက်လုံးပေးဆွဲဆောင်မှုများပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့၊ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားအသစ်များနဲ့ စွမ်းပကားအသစ်များဖန်တီးဖို့ ဗဟိုကော်မတီကတိုက်တွန်းထားပါတယ်။

နောက်တစ်ခုက ဘက်ပေါင်းစုံမှာ တီထွင်ဖန်တီးနိုင်မှုစွမ်းရည်တွေ တိုးတက်လာစေဖို့ကို ကူညီထောက်ပံ့ပေးနိုင်ဖို့ပါ။ ဒီလိုမျိုးတိုးတက်မှုကို ပံ့ပိုးပေးနိုင်စေဖို့အတွက်ဆိုရင် ပညာရေး၊ သိပ္ပံနဲ့နည်းပညာဆိုင်ရာဖွဲ့စည်းပုံ၊ ပါရမီရှင်များဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းဆိုင်ရာဖွဲ့စည်းပုံတွေကို နက်နက်ရှိုင်းရှိုင်းနဲ့ ဘက်စုံပြုပြင်ပြောင်းလဲမှုတွေလုပ်ရမယ်

အမျိုးသားမဟာဗျူဟာမြောက်စီမံကိန်းရေးဆွဲရေးစနစ်နဲ့ မူဝါဒပေါင်းစပ်မှုယန္တရားတွေကို တိုးတက်အောင်လုပ်ခြင်းနဲ့အတူ မက်ခရိုမူဝါဒ တစ်သမတ်တည်းဖြစ်ရေး အားပေးမြှင့်တင်မှုတွေကိုလည်း လုပ်ဆောင်ရမယ်လို့ဆိုထားတာကို တွေ့ရပါတယ်။

မြို့ပြနဲ့ကျေးလက်ဒေသ အတူတကွဖွံ့ဖြိုးတိုးတက်ရေးကလည်း လူတန်းစားကွာဟမှုကိုလျှော့ချရေးနဲ့ တန်းတူညီမျှဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါပါတယ်။ ဒီအတွက် ကွန်မြူနစ်ပါတီက မြို့ပြနဲ့ကျေးလက်ကြားမှာ ထုတ်ကုန်သွင်းအားစုတွေ အညီအမျှနဲ့အပြန်အလှန်စီးဆင်းလည်ပတ်စေဖို့အတွက် တွန်းအားပေးသွားရမယ်လို့ဆိုပါတယ်။ မြေယာစနစ်ပြုပြင်ပြောင်းလဲမှုကိုလည်း ပိုမိုနက်ရှိုင်းအောင်လုပ်ဆောင်သွားရလိမ့်မယ်လို့ ပြောထားပါသေးတယ်။

စာမျက်နှာ ၂၁ သို့

# မအိုင်(၂) ဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရအပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ကျွန်းစုမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၉၅ ဧကရှိသောနယ်မြေကို **“မအိုင်(၂)ဒီရေတောကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၆၆/၂၀၂၄)အရ ၁၃၈၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက် (၂၀၂၄ ခုနှစ် ဇူလိုင်လ ၄ ရက်)မှစ၍သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်၊ လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် ငါး၊ကဏန်း၊ပုစွန်စသော ရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်၊ ကုန်းတွင်းပိုင်းသို့ ဆားငန်ရေများဝင်ရောက်မှု တားဆီးကာကွယ်နိုင်ရန်နှင့် ဒီရေတောဂေဟစနစ်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန်ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

မအိုင်(၂)ဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် ဒီရေတောသစ်မျိုးများဖြစ်သည့် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ ကနစို၊ ပင်လယ်အုန်း၊ လမု၊ သမဲ့ဖြူ၊ သမဲ့ကြက်တက်၊ ကျနု၊ မဓမ၊ သရော၊ ကန့်ပလာစသည့် သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ဗျိုင်းအောက်၊ ကြက်တူရွေး၊ သိန်းငှက်၊ ပန်းဇင်ငှက်၊ ခရုစုပ်ငှက်၊နှုတ်သီးဝိုင်းရေညှောင့်ငှက်၊တောဘဲ၊ငှက်စလုံ(တင်ကျီးငှက်)စသည့်ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ငါး၊ ကဏန်း၊ခရု၊ပုစွန်များ ရှင်သန်ပေါက်ဖွားရာ ဂေဟစနစ်ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနိုင်ခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**



**တရုတ်နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံစာရင်းဝင်အဖြစ်မှာသာရှိနေသေးပေမယ့်လည်း သူတို့ရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းဆောင်ရည်ကတော့ အံ့မခန်းလောက်အောင်ပါပဲ။ နည်းပညာပိုင်းဆိုင်ရာမှာဆိုရင်လည်း ကမ္ဘာနဲ့အညီရင်ပေါင်တန်းနိုင်တယ်။ စစ်အင်အားမှာဆိုရင်လည်း ကမ္ဘာ့ထိပ်တန်းအဆင့်ဝင်ဖြစ်တယ်။ စီးပွားရေးမှာကတော့ လျင်မြန်မှုရှိစွာ အရှိန်အဟုန်နဲ့ အအောင်မြင်ဆုံး ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ပါတယ်။**

**စာမျက်နှာ ၂၀ မှအဆက်**

တရားဥပဒေစိုးမိုးရေးအတွက်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အပြည့်အဝအကောင်အထည်ဖော်ရမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကပေးအပ်ထားတဲ့ လုပ်ပိုင်ခွင့်အာဏာကို စွဲကိုင်ထိန်းသိမ်းရမယ်။ အားထားယုံကြည်ရလောက်တဲ့ဥပဒေပြုရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေး၊ ဥပဒေကိုစောင့်ထိန်းလိုက်နာရေးတို့ပိုမိုတိုးတက်စေဖို့အတွက် ပြုပြင်ပြောင်းလဲမှုတွေကို ပေါင်းစည်းဆောင်ရွက်ရမယ်။ တရားဥပဒေရှေ့မှောက်မှာ အားလုံးကိုညီတူညီမျှရှိစေမယ့် ယန္တရားတွေ ပိုမိုတိုးတက်ကောင်းမွန်ရမယ်လို့ဆိုထားပါတယ်။

တစ်ဆက်တည်းမှာပဲ ပြည်သူများချမ်းသာသုခရရှိစေရေးအတွက် ဝင်ငွေတိုးတက်များပြားစေမယ့် စနစ်၊ အလုပ်အကိုင်ရရှိရေးဦးစားပေးမူဝါဒနဲ့ လူမှုဖူလုံရေးစနစ်တို့ကို ပိုမိုတိုးတက်အောင်လုပ်ဆောင်ပြီး ဆေးဘက်ဆိုင်ရာနဲ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ကာ လူဦးရေတိုးတက်ရေးကိစ္စအဆင်ပြေချောမွေ့စေရေးနဲ့ ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ ပံ့ပိုးပေးနိုင်ရေးတို့အတွက် စနစ်တွေကို ပိုမိုတိုးတက်အောင် လုပ်ရမယ်လို့လည်း ဗဟိုကော်မတီကလုပ်ငန်းစဉ်ချမှတ်ပေးထားပါသေးတယ်။

ဒီကနေ့ကမ္ဘာ့နိုင်ငံများဟာ ကာဗွန်ကင်းစင်ကမ္ဘာကြီးကိုတည်ဆောက်နိုင်ဖို့အတွက် ကိုယ်စီကြိုးစားအားထုတ်နေကြတာပါ။ အဲဒီထဲမှာ တရုတ်နိုင်ငံသည်လည်း ထိပ်ဆုံးကပါဝင်ပါတယ်။ ဒီအတွက်ကိုတော့ ဂေဟစနစ်ထိန်းသိမ်းရေးဆိုတဲ့အစီအစဉ်ထဲမှာ လုပ်ဆောင်ရမယ့်အရာတွေကို ထည့်သွင်းထားပါတယ်။

ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး၊ ညစ်ညမ်းမှုလျှော့ချရေး၊ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတုပြောင်းလဲမှုကို တက်ကြွစွာတုံ့ပြန်ရေး၊ ရေပြင်ပြာပြာများနဲ့ တောင်တန်းစိမ်းစိမ်းကြီးတွေက တန်ဖိုးမဖြတ်နိုင်တဲ့ပိုင်ဆိုင်မှုတွေဖြစ်တယ်ဆိုတဲ့အခြေခံသဘောတရားကို ကောင်းစွာအသုံးချရေးအတွက် စနစ်များနဲ့ယန္တရားများ တိုးတက်ဖွံ့ဖြိုးစေဖို့ လျင်မြန်စွာလှုပ်ရှားရေးတို့ကို ပေါင်းစပ်ဆောင်ရွက်ရမယ်လို့ဆိုပါတယ်။

အမျိုးသားလုံခြုံရေးနဲ့ နိုင်ငံတော်ကာကွယ်ရေးကတော့ တရုတ်နိုင်ငံရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုအတွက် ပဓာနကျတဲ့နေရာကနေ ပါဝင်နေပါတယ်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဆိုရင် ၂၀၂၇ ခုနှစ်အရောက်မှာ ဖွဲ့စည်းတည်ထောင်မှု နှစ် ၁၀၀ ပြည့်မှာပါ။ အဲဒီအတွက်လည်း ရည်မှန်းချက်တွေ ချမှတ်ထားပြီး ချမှတ်ထားတဲ့ရည်မှန်းချက်တွေကို အကောင်အထည်ဖော်သွားမှာဖြစ်တယ်လို့ ကွန်မြူနစ်ပါတီဗဟိုကော်မတီက ထုတ်ပြန်ထားပါတယ်။

ရည်မှန်းချက်တွေထဲမှာတော့ တပ်မတော်ကိုပြုပြင်ပြောင်းလဲမှုတွေကနေတစ်ဆင့် အင်အားတောင့်တင်းခိုင်မာစေမယ့်မဟာဗျူဟာကို အပြည့်အဝကျင့်သုံးအကောင်အထည်ဖော်သွားမယ်လို့ ဆိုထားပါတယ်။ ဒါ့အပြင် တပ်မတော်အပေါ် ပါတီရဲ့ အကြွင်းမဲ့ခေါင်းဆောင်မှု ဆက်လက်တည်ရှိနေစေရေးအတွက် လုပ်ဆောင်ဖို့ကိုလည်း ဗဟိုကော်မတီကတိုက်တွန်းထားပါသေးတယ်။

တကယ်တမ်းမှာ တရုတ်နိုင်ငံရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုဆိုတာက ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်မှုကို ခေတ်နဲ့အညီတိုးတက်မှုရှိအောင် လုပ်ဆောင်ခြင်းသာဖြစ်ပါတယ်။ ဒီအတွက်အရေးကြီးတဲ့ ပြည်ပနိုင်ငံများနဲ့ဆက်ဆံရေးမှာဆိုရင် တရုတ်နိုင်ငံက သီးခြားလွတ်လပ်သော ငြိမ်းချမ်းတဲ့ နိုင်ငံခြားရေးမူဝါဒကို ဆက်လက်စွဲကိုင်ကာ မျှဝေသောအနာဂတ်နဲ့အတူ လူ့အဖွဲ့အစည်းကိုဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်သွားမယ်လို့ ဗဟိုကော်မတီကအလေးပေးပြောထားတာကိုလည်းတွေ့ရပါတယ်။

တရုတ်နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံစာရင်းဝင်အဖြစ်မှာသာရှိနေသေးပေမယ့်လည်း သူတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းဆောင်ရည်ကတော့ အံ့မခန်းလောက်အောင်ပါပဲ။ နည်းပညာပိုင်းဆိုင်ရာမှာဆိုရင်လည်း ကမ္ဘာနဲ့အညီရင်ပေါင်တန်းနိုင်တယ်။ စစ်အင်အားမှာဆိုရင်လည်း ကမ္ဘာ့ထိပ်တန်းအဆင့်ဝင်ဖြစ်တယ်။ စီးပွားရေးမှာကတော့ လျင်မြန်မှုရှိစွာ အရှိန်အဟုန်နဲ့အအောင်မြင်ဆုံး ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ပါတယ်။

ဒီလိုမျိုး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်မှုတွေ၊ အောင်မြင်မှုတွေရရှိအောင် စွမ်းဆောင်ထားနိုင်တာက တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီရဲ့ ဦးဆောင်လမ်းညွှန်မှု၊ သက်ဆိုင်ရာအလွှာအသီးသီးမှ တာဝန်ရှိသူများရဲ့ အကောင်အထည်ဖော်မှု၊ တရုတ်ပြည်သူများရဲ့ တစ်ပြေးညီ လိုက်ပါလုပ်ဆောင်မှုတို့ကြောင့်သာဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ တရုတ်ကွန်မြူနစ်ပါတီဟာ နိုင်ငံတော်ရဲ့ကဏ္ဍအသီးသီးမှာ အခုထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အကြိမ် (၂၀) မြောက် ဗဟိုကော်မတီရဲ့ တတိယအကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးမှာ ရည်မှန်းချက်တွေ၊ မျှော်မှန်းချက်တွေ၊ ရေတို၊ ရေရှည် အကောင်အထည်ဖော်ရမယ့် စီမံကိန်းတွေကို ဆုံးဖြတ်ချက်တစ်ရပ်အနေနဲ့ ထည့်သွင်းအတည်ပြုလိုက်ခြင်းဟာ နိုင်ငံတော်အတွက် တိုးတက်မှုနဲ့ ဖွံ့ဖြိုးမှုဆီ ထာဝရဦးတည်နေတဲ့ သူတို့ရဲ့ အမြော်အမြင်ကို အထင်းသားမြင်တွေ့နေရကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**Ref: Xinhua**

## ❑ ပြည်တွင်းစက်သုံးဆီမှ

တစ်ဆင့်ရောင်းချခြင်းတို့ မပြုလုပ်ကြရန်၊ သုံးစွဲရန်လိုအပ်သည့် ပမာဏကိုသာ ဝယ်ယူသုံးစွဲရန်၊ အရောင်းဆိုင်များကိုလည်း စက်သုံးဆီရှိလျက်ရောင်းချမပေးခြင်းမျိုး မပြုလုပ်စေရေး စနစ်တကျ စိစစ်ကြပ်မတ်လျက်ရှိကြောင်းနှင့် လက်ရှိအခြေအနေများအရ စက်သုံးဆီပြတ်လပ်နိုင်မှုမရှိနိုင်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

နိုင်ငံအနှံ့အပြားတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ဒေသအချို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသဖြင့် လမ်းခရီးအခြေအနေအရ စက်သုံးဆီများ သယ်ယူပို့ဆောင်ရာတွင် ပုံမှန်ထက်အနည်းငယ်နှောင့်နှေးကြန့်ကြာမှုရှိနိုင်သော်လည်း ပြတ်လပ်မှုမရှိစေရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ၉၈ ဆိုင်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ၁၉၆ ဆိုင်နှင့် မန္တလေးတိုင်းဒေသကြီးရှိ ၆၉၂ ဆိုင်တို့ အပါအဝင် နိုင်ငံတစ်ဝန်းအရောင်းဆိုင် ၃၀၀၀ ကျော်တို့သို့ ဆီတင်ယာဉ်များဖြင့် နေ့စဉ်ပုံမှန်ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် လိုအပ်ပါက **Urgent** အစီအစဉ်၊ **Special** အစီအစဉ်တို့ဖြင့်လည်း ထပ်မံပြီးတစ်ရက်လျှင် ဓာတ်ဆီနှင့်ဒီဇယ်ဆီ စုစုပေါင်း ဂါလန် သုံးသန်းခန့်ကို ပိုမိုဖြန့်ဖြူးပေးလျက်ရှိသည်။

စိစစ်မှုအရ ပြည်ထောင်စုနယ်မြေ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အရောင်းဆိုင် ၁၀၀ အနက်မှ ငါးဆိုင်၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အရောင်းဆိုင် ၁၄၆ အနက်မှ ၂၄ ဆိုင်နှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အရောင်းဆိုင် ၁၆၃ အနက်မှ ၁၉ ဆိုင်တို့တွင်သာစုပြုံတန်းစီဝယ်ယူမှုဖြစ်ပေါ်နေပြီး ကျန်အရောင်းဆိုင်များတွင် စက်သုံးဆီများရှိသော်လည်း ဝယ်ယူမှုနည်းပါးနေကြောင်း တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် မလိုအပ်ဘဲ အချိန်ကြန့်ကြာစွာ တန်းစီဝယ်ယူရခြင်း၊ လမ်းသွားလမ်းလာ အများပြည်သူ၊ ခရီးသွားမော်တော်ယာဉ်များအတွက် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေခြင်းတို့မရှိစေရေး တန်းစီဝယ်ယူနေသောအရောင်းဆိုင်များအပြင် ကျန်နီးစပ်ရာအရောင်းဆိုင်များသို့လည်း သွားရောက်ဝယ်ယူကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (၅၀၁)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များကို မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန်

နေပြည်တော် ဩဂုတ် ၃

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အတွင်း တိုက်ပွဲများဖော်ဆောင်ပြီး စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူ များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထို့ပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့ အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက် ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီ နေရပ်စွန့်ခွာနေရကြောင်း သိရှိရသည်။

ယခုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့၏ စစ်ရာဇဝတ်မှု(War Crime) မြောက်သည့် လူမဆန်စွာ ရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်း ဖက်လုပ်ရပ်များအပေါ် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာ မရှိသည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဇဝ်ဂေလိခရစ်ယာန်မဟာ မိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ် အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်း အသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူ ဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ် ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီ၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံပန်းချီပန်းပု အစည်း အရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး၊ မြန်မာ နိုင်ငံစာရေးဆရာအသင်း၊ ပိန္နဲကုန်း ရခိုင်ဂျာမေဇလီ နှင့် ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်း တို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘော ထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရ ရှိသည်။ (၅၀၁)

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်း သူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီး များနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့်ဒေသခံ ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရ ပြီးအချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွား ကြောင်း သိရှိရသည်။

၂။ ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံး များ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ် တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက် သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့်ဒေသခံပြည်သူများ မှာလည်းနေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရ၍ လူမှုစီးပွားဘဝများ ဆုံးရှုံးရလျက်ရှိကြောင်း သိရှိရ သည်။

၃။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူ များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လူနေရပ်ကွက်များ အတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ဖြင့် တိုက်ခိုက်ခြင်းနှင့် သာသနိက အဆောက်အဦများအား စစ်ရေးအတွက်အသုံးပြု နေခြင်းများကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘော ထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအားအကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီး များနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံ ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရ ပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွား ကြောင်းနှင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့ အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက် ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ် စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူ များ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ် များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံး များ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များနှင့် အပြစ်မဲ့ပြည်သူ များကို မတရားဖမ်းဆီးနေသည့် လုပ်ရပ်များကို ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

MNDAA အကြမ်းဖက်သောင်းကျန်းသူများက လားရှိုး မြို့ရှိ တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီး များနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံ တွင် တက်ရောက်ကုသမှု ခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစု ဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး ဆေးကုသမှုခံယူနေသူအချို့ကို လည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဆေးရုံကို အကြမ်းဖက်တိုက်ခိုက်ခဲ့ ခြင်း၊ သာသနိကအဆောက်အဦများကို အကာအကွယ်ယူ တိုက်ခိုက်ခြင်း၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခြင်းနှင့် အပြစ်မဲ့ပြည်သူများအား အဓမ္မဖမ်းဆီးနေခြင်းများကို မြန်မာ နိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံ ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## ပြည်ထောင်စု မြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်နေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး ဆေးကုသမှုခံယူနေသူအချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထိုသို့ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံ တက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များနှင့် သာသနိကအဆောက်အဦများအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့်လုပ်ရပ်များကို ပြည်ထောင်စု မြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)က လုံးဝလက်မခံပါ ကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စု မြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)**

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော် ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရ သည်။ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များ သို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ် တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများ ရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိပြီး လူမှုဘဝများဆုံးရှုံးလျက် ရှိကြောင်း သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံ တက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက် ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက် ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များကို ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး) က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချ ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဩဂုတ် ၃

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသ ကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။ မိုး/ဇလ

## လွှတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များသည် စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်နေခြင်းဖြစ်ပြီး ၎င်းအကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို လွှတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

လွှတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃ ရက်

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ် ဆောင်သွားကြောင်း သိရှိရသည်။

၎င်းအပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသည့်အတွက် လူမှုဘဝများ ဆုံးရှုံးလျက်ရှိသဖြင့် ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့၏ လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၁။ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရ၍ လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

၂။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့၏ ရက်စက်သော အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

အကြမ်းဖက်သောင်းကျန်းသူများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိတပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီးအချို့ကိုလည်းမတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိ၍ လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးနှင့် မသက်ဆိုင်သည့် အပြစ်မဲ့ပြည်သူများ ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များ အတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များကို သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃ ရက်

## မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်သဘောထားထုတ်ပြန် ကြေညာချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ ခုတင်(၁၀၀) အား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသဖြင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များကို မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ သဘောထားထုတ်ပြန်ချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိ၍ လူမှုဘဝများ ဆုံးရှုံးလျက်ရှိသဖြင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့၏ ရက်စက်သော အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက် (၇/၂၀၂၄)

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက် ၊ စနေနေ့

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိတပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများ၊ ဒရုန်းများ အသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးခဲ့ကြပါသည်။

၂။ အဆိုပါ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကြောင့် အပြစ်မဲ့ပြည်သူများအပါအဝင် ဆေးရုံတက်ရောက်ကုသနေရသူအချို့ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ် ဆောင်သွားကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ စစ်ရေးပစ်မှတ်မဟုတ်သည့် လူနေအိမ်များအပါအဝင် ရပ်ကွက်များ၊ သာသနိကအဆောက်အဦများကိုလည်း အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ပစ်ခတ်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည့်အတွက် ဒေသခံများမှာ နေရပ်စွန့်ခွာနေကြရပြီး အိုးအိမ်များဆုံးရှုံးနေရခြင်း၊ လူမှုဘဝများ ဆုံးရှုံးနေရသည့်အတွက် အကြမ်းဖက်သောင်းကျန်းသူများ၏ မဆင်မခြင်ပြုလုပ်တိုက်ခိုက်နေခြင်းအား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ လုံးဝ(လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့်ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ် ဩဂုတ်လ ၃ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့်မသက်ဆိုင်သည့် ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခြင်း လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခြင်းများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Droneများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဆေးရုံတွင်တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် မြို့တွင်းရပ်ကွက်များသို့လည်း အလားတူ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသဖြင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ကြေညာချက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ရှိတပ်မတော်ဆေးရုံအား MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က သာလွန်အင်အားဖြင့် ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဆေးကုသမှုခံယူနေကြသည့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့ရကြောင်းနှင့် ဆေးရုံရှိလူနာများနှင့် တာဝန်ရှိအချို့ကိုလည်း အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂။ ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက် သေဆုံးခဲ့ရပြီး ဒေသခံပြည်သူအချို့မှာ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့်အတွက် လူမှုဘဝများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်းကို စိတ်မကောင်းစွာ ကြားသိရပါသည်။

၃။ ထိုသို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များကို မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**
**(၃.၈.၂၀၂၄)**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃ ရက်

လားရှိုးမြို့ရှိတပ်မတော်ဆေးရုံအား MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လက်နက်ကြီး၊ Drone အသုံးပြုပြီး အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ကာ ဆေးရုံရှိ လူနာများနှင့် ဒေသခံပြည်သူများအား ပစ်ခတ်တိုက်ခိုက်သဖြင့် လူနာများသေဆုံးခဲ့ရပြီး လူနာအချို့ကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

၎င်းအပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် လားရှိုးမြို့အတွင်းရှိ ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများလည်း ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး အချို့မှာ မိမိတို့၏ အိုးအိမ်စည်းစိမ်များကို စွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်နေရကြောင်းကို စိတ်မချမ်းမြေ့စွာ ကြားသိရှိရပါသည်။

အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်ခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ တက်ရောက် ကုသမှုခံယူလျက်ရှိသည့် လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များအသုံးပြုပြီး သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် လူနာများ ထိခိုက်သေဆုံးခဲ့ရပြီး အချို့အား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။ ထို့အပြင် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများလည်း ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး အချို့မှာနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရကြောင်း ကြားသိရပါသည်။

အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်ခဲ့သည့် MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့အား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်သူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သည့် ဆေးရုံအဆောက်အဦ နေရာများသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် တက်ရောက်ဆေးကုမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရမှုနှင့် MNDAA အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

(၃.၈.၂၀၂၄)

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ပြီး တချို့အား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ MNDAAအကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် ဆေးရုံအား ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် လူနာများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းတို့သည် စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ လုပ်ရပ်များအပေါ် မိမိတို့ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း**

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ သဘောထားထုတ်ပြန်ချက်

(၃.၈.၂၀၂၄)

၁။ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့နှင့် ၎င်းတို့၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ကြောင်းနှင့် အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းကို စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးနှင့် မသက်ဆိုင်သည့် ဆေးရုံအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်သည့်အတွက် အဆိုပါလုပ်ရပ်အပေါ် မိမိတို့ ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ရှုတ်ချကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၃

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းရပ်ကွက်)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂ ဒသမ ၈၀ ပေ (၃၉၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၄၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

## ဧရာဝတီမြစ်ရေ ဟင်္သာတမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၃

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ)အောက် ပေဝက်ခန့် (၁၅ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

# အောင်မြေသာစံမြို့နယ်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မြနန္ဒာတိုက် ဗြဟ္မဝိဟာရဏ ဘုန်းတော်ကြီးကျောင်းမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က ယနေ့နံနက်ပိုင်းတွင် အဆိုပါဘုန်းတော်ကြီး၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၆၅ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၅၅ ပါးနှင့် ဒေသခံပြည်သူ ၅၄ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် ရွှေရေးဆောင်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသံဝရာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် ရွှေရေးဆောင်ကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသံဝရာဘိဝံသ သက်တော် ၈၅ နှစ် သိက္ခာတော် ၆၅ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၆ ခုနှစ် ဝါဆို လပြည့်ကျော် ၁၃ ရက် ဩဂုတ် ၂ ရက် သောကြာနေ့ ည ၉ နာရီ မိနစ် ၂၀ တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# ကျောက်ဆည်မြို့နယ်နှင့် တာချီလိတ်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၁ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ကျောက်ဆည်မြို့နယ် သံကျေးရွာအုပ်စု သံကျေးရွာအနီးတွင် ဇော်ကိုကိုလတ်(ခ)ဘိုတိုး မောင်းနှင်လာသည့် AD VAN အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသည့် စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၇၅ ကီလို၊ကက်တမင်း သုည ဒသမ ၂၅ ကီလိုကိုလည်းကောင်း။

ဩဂုတ် ၁ ရက် ညနေ ၅ နာရီတွင် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် မြို့ပတ်လမ်းတွင် စိုင်းသိန်းလှိုင် မောင်းနှင်ပြီး စိုင်းအိုက်ဆာ(ခ)အိုက်ခမ်း လိုက်ပါလာသည့် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းရှိ စက္ကူချပ်ဖာအတွင်းမှ စိတ်ပြောင်းဆေးဝါး ကက်တမင်း ၇ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# တပ်မတော်(လေ)မှ ရဟတ်ယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် စက်ချွတ်ယွင်းကာ မတော်တဆမှုဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၃**

တပ်မတော်(လေ)မှ ရဟတ်ယာဉ်တစ်စင်းသည် ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တစ်ဝိုက်၌ လေ့ကျင့်ပျံသန်းလျက်ရှိစဉ် ရုတ်တရက် စက်ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့ပြီး မြေပြင်သို့ပြုတ်ကျမှု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်ဖြစ်ပွားမှုကြောင့် ရဟတ်ယာဉ်ပေါ်၌ လိုက်ပါလာသူ နှစ်ဦးကျဆုံးခဲ့ပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်တွင် ကျဆုံးခဲ့သူများ၏ ရုပ်အလောင်းများအား နီးစပ်ရာ တပ်မတော်ဆေးရုံသို့ ဆက်လက်ပို့ဆောင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို လိုအပ်သည့် ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များက တစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့်အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Su WaiKyaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာနေ စုဝေကျော်အား နံနက် ၁၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "မတ္တရာသားလေး" TikTok အကောင့်နှင့် "Nyein Min Naing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တန်းရပ်ကွက်နေ ငြိမ်းမင်းနိုင်အား ည ၆နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးကို ဟန်ချက်ညီဖော်ဆောင်လျက်ရှိသော တရုတ်နိုင်ငံ

၂၀၁၃ ခုနှစ် စက်တင်ဘာလနှင့်အောက်တိုဘာလတွင် တရုတ်သမ္မတရှီကျင့်ဖျင်သည် ပိုးလမ်းမ(BRI) စီးပွားရေးရပ်ဝန်းနှင့် ၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမတို့ကိုစတင်အဆိုပြုခဲ့သည်။ ထို့နောက်ရပ်ဝန်းနှင့် ပိုးလမ်းမ(BRI)ကို အတူတကွအကောင်အထည်ဖော်ခဲ့သည်။ BRI သည် ရှေးခေတ်ပိုးလမ်းမတစ်လျှောက်နှင့် ထိုလမ်းမကြီးကိုကျော်လွန်၍ ချိတ်ဆက်သွားရန်ရည်မှန်းထားရှိသည်။ ဆယ်စုနှစ်တစ်ခုကြာပြီးနောက် တရုတ်နိုင်ငံသည် BRI နှင့်ဆက်နွှယ်သော ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် ၂၃၀ ကို နိုင်ငံပေါင်း ၁၅၀ ကျော်၊ နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၃၀ ကျော်တို့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

တရုတ်နိုင်ငံသည် BRI မှတစ်ဆင့် ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အပြင် မိတ်ဖက်နိုင်ငံများနှင့် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ အကျိုးစီးပွားနှင့် တာဝန်ယူမှုတာဝန်ခံမှုမျှဝေယူမည့် လူ့အသိုက်အဝန်းတစ်ရပ် ခိုင်မာအောင်တည်ဆောက်ခြင်းတို့ကို မြှင့်တင်လျက်ရှိသည်။ အဆိုပါ လူ့အသိုက်အဝန်းကို နိုင်ငံရေးယုံကြည်မှု၊ စီးပွားရေးပေါင်းစည်းခြင်း၊ ယဉ်ကျေးမှုပါဝင်ခြင်းတို့ဖြင့် ထူးခြားပေါ်လွင်စွာ ဖွဲ့စည်းထားရှိသည်။ တရုတ်နိုင်ငံနှင့် BRI မိတ်ဖက်နိုင်ငံများ၏ ဘုံရည်မှန်းချက်များတွင် ပြည်သူများ၏ လူမှုဘဝအရည်အသွေး တိုးတက်တောက်ပြောင်ရန်နှင့် လူ့အဖွဲ့အစည်းများဟန်ချက်ညီတိုးတက်ရန်တို့ ပါဝင်ပေသည်။ ထိုသို့လုပ်ဆောင်ရာတွင် ၎င်းတို့အနေဖြင့် မိတ်ဖက်နိုင်ငံများ၏လူ့အခွင့်အရေးမြှင့်တင်နိုင်ရန် ရည်မှန်းထားရှိသည်။

**နည်းပညာတိုးတက်လာမှု**

လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ အနောက်နိုင်ငံများ၏ ရှုမြင်မှုသည် ပြည်သူများကို နိုင်ငံရေး၊ တရားရေးနှင့် လူမှုရေးဆိုင်ရာ ပြင်းထန်သောအလွဲသုံးစားပြုမှုများမှကာကွယ်လျက် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများကို မကြာခဏအလေးထားလျက်ရှိသည်။ ကမ္ဘာ့အကြီးမားဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် လူ့အခွင့်အရေး၏ အဓိကအချက်ဖြစ်သည့် ဝမ်းရေးဖူလုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးများကို ထည့်သွင်းစဉ်းစားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့်နိုင်ငံများမှ ပြည်သူများသည် စက်မှုဖွံ့ဖြိုးပြီး အင်အားကြီးအနောက်နိုင်ငံများမှ ပြည်သူများနှင့်နှိုင်းယှဉ်လျှင် မတူကွဲပြားသောအခြေအနေများကိုရင်ဆိုင်ရလျက်ရှိသည်။ နိုင်ငံရေးဆိုင်ရာအခွင့်အရေးများကို အာမခံချက်ပေးခြင်းနှင့်အတူ လုံလောက်သော စားနပ်ရိက္ခာ၊ သင့်တင့်လျောက်ပတ်သော နေအိမ်၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့် မသင်မနေရ ပညာရေးအခွင့်အလမ်းများ ရရှိရေးသည်လည်း အလားတူ အရေးပါလျက်ရှိသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများသည် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ သာဓကအနေဖြင့် စားနပ်ရိက္ခာလုံခြုံမှုရှိရေးပင်ဖြစ်သည်။ BRI စတင်အကောင်အထည်ဖော်ပြီး ၁၀ နှစ်အကြာတွင် နည်းပညာပိုင်းဆိုင်ရာတိုးတက်မှုများနှင့် စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်မှုများသည် မိတ်ဖက်နိုင်ငံများရှိ ပြည်သူများ၏ အခြေခံလူနေမှုအဆင့်အတန်းကို တိုးတက်လာစေလျက်ရှိသည်။

မကြာသေးမီနှစ်များတွင် တရုတ်နိုင်ငံသည် BRI မိတ်ဖက်နိုင်ငံများနှင့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့လုပ်ဆောင်လျက်ရှိသည်။ တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း၊ ရှင်ကျန်းအနောက်မြောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဌာနချုပ်ရုံးဖွင့်လှစ်ထားသည့် ပြောင်း၊ ဂျုံနှင့်ဝါတို့ကို အဓိကစိုက်ပျိုးထုတ်လုပ်သူ Join Hope Seeds သည် ၂၀၁၅ ခုနှစ်က ကာဇက်စတန်နိုင်ငံ၌ ထွက်နှုန်းကောင်းသည့် ပြောင်းမျိုးစေ့အမျိုးမျိုးကို စတင်မိတ်ဆက်အသုံးပြုခဲ့သည်။

လယ်ယာစိုက်ပျိုးရေးနှင့် သစ်ပင်ပန်းမန်စိုက်ပျိုးမှုဆိုင်ရာ ကာဇက်သုတေသနအင်စတီကျူနှင့် တွဲဖက်၍ ဒေသမြေဆီလွှာနှင့် ရာသီဥတုနှင့်လိုက်ဖက်ညီသည့် မျိုးစေ့များကို သုတေသနပြုထုတ်လုပ်ခဲ့သဖြင့် ယခင်က တစ်ဟက်တာလျှင် ၄ ဒသမ ၅ တန်သာထွက်ရှိခဲ့ရာမှ လက်ရှိအချိန်၌ တစ်ဟက်တာလျှင် ၁၂ တန်ထိ ထွက်ရှိခဲ့သည်။

ရေရှားပါးခြင်းသည် ဥဇဘက်ကစ္စတန်ကဲ့သို့သော အလယ်အာရှနိုင်ငံများတွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိကအတားအဆီးပင်ဖြစ်သည်။ ၂၀၁၆ ခုနှစ်က တရုတ်နိုင်ငံ၏အနောက်မြောက်ပိုင်း စိုက်ပျိုးရေးနှင့် သစ်တောတက္ကသိုလ်သည် BRI အောက်တွင် ရေသွင်းစိုက်ပျိုးရေးစနစ်တည်ဆောက်ရန် ဥဇဘက်ကစ္စတန်၊ မိတ်ဖက်နိုင်ငံများနှင့်ပူးပေါင်းဆောင်




ရွက်လျက်ရှိသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းသည် ဒေသတွင်းစိုက်ပျိုးရေးကုန်ထုတ်လုပ်မှုကို ၃၀ ရာခိုင်နှုန်းတိုးတက်စေခြင်း၊ ရေသုံးစွဲမှု ၅၀ ရာခိုင်နှုန်းလျှော့ချနိုင်ခြင်းနှင့် စိုက်ပျိုးစရိတ် ၄၀ ရာခိုင်နှုန်းလျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိစေလျက်ရှိသည်။

တရုတ်နိုင်ငံ၏ အဆင့်မြင့်ဆေးဘက်နည်းပညာသည် BRI မိတ်ဖက်နိုင်ငံများရှိ ပြည်သူများ၏ ကျန်းမာရေးကို တိုးတက်လာစေလျက်ရှိသည်။ မြန်နှုန်းမြင့် 5G ကွန်ရက်များတိုးတက်လာမှုနှင့် ကျယ်ပြန့်စွာအသုံးပြုလာခြင်းတို့သည် ဝေးလံခေါင်ပါးသောဒေသများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်နေသည့်ဒေသများအတွက် ဆေးဝါးစောင့်ရှောက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်နိုင်ခြင်းသည် ဒေသတွင်းရှိ နာမကျန်းသူများအချိန်မီဆေးဝါးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ပေးနိုင်ပြီး ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း လျှော့ချစေနိုင်သည်။ နာမကျန်းသူများ၏ အချက်အလက်များကို ဆန်းစစ်ခြင်းအားဖြင့် တရုတ်နိုင်ငံ၏ဆေးဘက်ဆိုင်ရာ AI ပုံစံများသည် ရောဂါကုသရာတွင် ထိရောက်မှုရှိလာသည်။ ထိုသို့လုပ်ဆောင်နိုင်ခြင်းသည် ပြည်သူများအနေဖြင့် ရောဂါများနှင့် ကုစက်မှုပုံစံတို့ကို ပိုမိုနားလည်သဘောပေါက်စေသည်။

**အစိမ်းရောင်ဖွံ့ဖြိုးမှု**

စင်စစ်အားဖြင့် BRI သည် စီးပွားရေးသာယာဝပြောမှုလမ်းကြောင်းနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းလည်းဖြစ်သည်။ ဂေဟစနစ်၏အရည်အသွေးမြှင့်တင်ခြင်းနှင့် လူသားနှင့်သဘာဝတို့ကြား ဟန်ချက်ညီနေထိုင်မှု ခိုင်မာအောင်ဆောင်ရွက်ခြင်းတို့သည် ပြည်သူတို့၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဗဟိုချက်မပင်ဖြစ်သည်။

နည်းပညာပိုင်း အဆင့်မြင့်တိုးတက်လာမှုများသည် လူ့အသိုက်အဝန်းကို အလွန်အမင်းညစ်ညမ်းမှုဆီသို့ တွန်းမပို့သင့်ကြောင်းနှင့် လူသားတို့အနေဖြင့် သန့်ရှင်းသောသောက်သုံးရေနှင့် စိမ်းလန်းစိုပြည်သော တောင်တန်းကြီးများနှင့်ဖုံးလွှမ်းထားသော ပတ်ဝန်းကျင်တွင် နေထိုင်နိုင်အောင် ဆောင်ရွက်သွားရန် လိုအပ်သည်။

လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း တရုတ်နိုင်ငံသည် BRI အောက်တွင် အစိမ်းရောင်ဝန်းကျင်ထူထောင်ခြင်းနှင့် ကာဗွန်ထုတ်လုပ်မှုနည်းပါးသောဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးယန္တရားများကို တိုးမြှင့်လုပ်ဆောင်လာလျက်ရှိသည်။ တရုတ်နိုင်ငံသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ အစိမ်းရောင်ရပ်ဝန်းနှင့် ပိုးလမ်းမတည်ဆောက်ရေးအတွက် ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ်နှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပြီး ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် ၅၀ ကို BRI မိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်မှတ်ရေးထိုးခဲ့သည်။

စွမ်းအင်သည် တရုတ်နှင့် ဆော်ဒီအာရေဗျကြား ပူးပေါင်းဆောင်ရွက်မှု၏ အဓိကနယ်ပယ်တစ်ရပ်ဖြစ်သည်။ မကြာသေးမီနှစ်များအတွင်း တရုတ်-ဆော်ဒီအာရေဗျပူးပေါင်းဆောင်ရွက်မှု၏ အဓိကအလေးထားမှုသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ စွမ်းအင်သစ်နည်းပညာများနှင့် စွမ်းအင်စွမ်းဆောင်ရည်တိုးတက်မှုများဆီသို့ တဖြည်းဖြည်းချင်းပြောင်းလဲလုပ်ဆောင်လာလျက်ရှိသည်။ ဆိုလာစွမ်းအင်အရင်းအမြစ်များပေါကြွယ်ဝသည့် ဆော်ဒီအာရေဗျသည် တရုတ်နိုင်ငံထံမှ ရင်းနှီးမြှုပ်နှံမှုများစွာရရှိလျက်ရှိပြီး Red Sea New City Project ကို ထူထောင်လျက်ရှိသည်။ နှစ်နိုင်ငံသည် လေနှင့် ဟိုက်ဒရိုဂျင်စွမ်းအင်ထုတ်လုပ်မှုတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မှုအခွင့်အလမ်းများကို စူးစမ်းလေ့လာလျက်ရှိပြီး အစိမ်းရောင်စွမ်းအင်သို့ ကမ္ဘာလုံးဆိုင်ရာပြောင်းလဲကျင့်သုံးရေးအတွက် ပူးတွဲတိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

အခြားစီမံကိန်းတစ်ခုသည် ကင်ညာနိုင်ငံရှိ Garissa Solar Power Plant ဖြစ်ပြီး ၎င်းစီမံကိန်းအရှေ့နှင့် အလယ်အာရှရှိ ဆိုလာစွမ်းအင်စက်ရုံများကို ချိတ်ဆက်ပေးမည့် အကြီးမားဆုံးဓာတ်အားလိုင်းများအနက်မှ တစ်ခုပင်ဖြစ်သည်။ မြေဧရိယာ ၃၄ ဒသမ ၄ ဟက်တာကျယ်ဝန်းသောစီမံကိန်းကို တရုတ်နိုင်ငံ၏ နိုင်ငံတကာစီးပွားရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ Jiangxi ကော်ပိုရေးရှင်းက တည်ဆောက်ထားခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် တိုင်းပြည်၏ ဆိုလာစွမ်းအင်ထက်ဝက်ခန့်ကို ထုတ်လုပ်ပေးလျက်ရှိသော ၎င်းစက်ရုံသည် အမျိုးသားစွမ်းအင်စုစုပေါင်း၏ နှစ်ရာခိုင်နှုန်းခန့် ထုတ်လုပ်ပေးလျက်ရှိသည်။ ထိုသို့ထုတ်လုပ်နိုင်ခြင်းသည် စွမ်းအင်ကုန်ကျစရိတ် လျှော့ချနိုင်ပြီး မှီခိုအားထားနိုင်သည့် ကြာရှည်ခံနိုင်သောအစိမ်းရောင်စွမ်းအင်တိုးတက်ထုတ်လုပ်မှုကို တိုးမြှင့်လျက်ရှိသည်။

ဂြိုဟ်တုအသုံးပြုလျက် ဝေးကွာသောနေရာများထိ အာရုံခံနိုင်သော တရုတ်နိုင်ငံ၏ တိုးတက်လာသည့် နည်းပညာသည် BRI မိတ်ဖက်များကို သစ်တောလွှမ်းခြုံပြောင်းလဲမှုများ၊ ရေထုနှင့်လေထုညစ်ညမ်းမှုဆိုင်ရာသတင်းအချက်အလက်များကို အလျင်အမြန်ရရှိစေမည်ဖြစ်သည်။ အကြောင်းမှုကား ဂြိုဟ်တုအာရုံခံမှုနည်းပညာပရိုဂရမ်များသည် ပိုမိုကျယ်ပြန့်လာသောကြောင့်ပင်ဖြစ်သည်။

တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် သန္တာကျောက်တန်းဂေဟစနစ်များ စောင့်ကြည့်ရန်နှင့် မူလအခြေအနေအတိုင်း ထိန်းသိမ်းထားရှိနိုင်ရေးအတွက် ဂြိုဟ်တုအထောက်ကူပြု အာရုံခံနည်းပညာကို အသုံးပြုလျက် အဏ္ဏဝါပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုအတွက် ပူးပေါင်းယန္တရားထူထောင်ထားရှိသည်။ အဆိုပါယန္တရားသည် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်စောင့်ရှောက်ပေးရုံသာမက ကမ်းခြေရှိ လူမှုအသိုက်အဝန်းများအတွက် ရေရှည်ခံသော ငါးဖမ်းလုပ်ငန်းအရင်းအမြစ်များနှင့် ဂေဟခရီးသွားလုပ်ငန်းဝင်ငွေအရင်းအမြစ်များကိုလည်း အထောက်အကူပြုသွားမည်ဖြစ်သည်။

**စွန့်စားမှုနှင့် စိန်ခေါ်မှုများ**

လက်ရှိအချိန်တွင် ဒစ်ဂျစ်တယ်နည်းပညာသည် အလျင်အမြန် တိုးတက်ပြောင်းလဲလာလျက်ရှိသည်။ ဒစ်ဂျစ်တယ်လူ့အခွင့်အရေးများဖြစ်သည့် ဒစ်ဂျစ်တယ်ဝန်းကျင်တွင် သီးသန့်နေထိုင်ခွင့်နှင့် လွတ်လပ်စွာနေထိုင်ခွင့်တို့အပါအဝင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုသည်လည်း ပြောင်းလဲတိုးတက်လာလျက်ရှိသည်။ လူတစ်ဦးချင်းစီအခွင့်အရေးများနှင့် ဂုဏ်သိက္ခာတို့ကို ကာကွယ်စောင့်ရှောက်မှုကို မူလဘူတရည်မှန်းချက်အဖြစ် သဘောထားလျက် ဒစ်ဂျစ်တယ်နည်းပညာသည် ပြည်သူလူထုကို ဗဟိုပြုနေရမည်ဖြစ်သည်။

ဆိုက်ဘာလုံခြုံမှုနည်းပညာများတွင် ဦးဆောင်လျက်ရှိသော တရုတ်နိုင်ငံသည် BRI မိတ်ဖက်များကို အချက်အလက်ကူးပြောင်းမှုနှင့် သိုလှောင်မှုလုပ်ဆောင်စဉ် တစ်ကိုယ်ရေအချက်အလက်များလုံခြုံမှုရှိအောင်ဆောင်ရွက်ပေးခြင်း၊ တရားမဝင်ရယူမှုနှင့် ပေါက်ကြားမှုမရှိအောင် ကာကွယ်ပေးခြင်းများလုပ်ဆောင်ပေးလျက်ရှိသည်။

တရုတ်နိုင်ငံသည် မြင့်တက်လာသော ဆိုက်ဘာတိုက်ခိုက်မှုနှင့် ဆိုက်ဘာရာဇဝတ်မှုများ၏ခြိမ်းခြောက်မှုများကိုဖြေရှင်းနိုင်ရေးအတွက် BRI မိတ်ဖက်နိုင်ငံများနှင့် ဆိုက်ဘာလုံခြုံမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုခိုင်မာအားကောင်းအောင် လုပ်ဆောင်လျက်ရှိသဖြင့် ဆိုက်ဘာလုံခြုံမှုနှင့်တည်ငြိမ်မှုတို့က အာမခံချက်ပေးလျက်ရှိသည်။

အမှန်တော့ တရုတ်နိုင်ငံသည် BRI ပလက်ဖောင်းကိုအသုံးပြုလျက် အေးချမ်းမှု၊ တည်ငြိမ်မှု၊ လုံခြုံမှု၊ အပြန်အလှန်ချိတ်ဆက်မှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဝန်းကျင်ခိုင်မာသေချာမှုရှိစေရန် ရည်မှန်းထားရှိသောကြောင့် ဆိုက်ဘာနယ်ပယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ လျှော့ချပေးနိုင်မည်ဖြစ်သည်။

ဆိုရလျှင် နည်းပညာဆန်းသစ်တီထွင်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုတွင် လူ့အခွင့်အရေးကို အဓိကတန်ဖိုးထားသင့်ပေသည်။ အခွင့်အလမ်းများနှင့် စွန့်စားမှုများရှိနေသောခေတ်ကြီးတွင် BRI မိတ်ဖက်များနှင့်ဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းသည် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အပြုသဘောဆောင်သောရလဒ်များနှင့် လူ့အခွင့်အရေးတိုးတက်ရေးတို့အတွက် များစွာအရေးပါလျက်ရှိသည်။

**ကိုးကား**

- The Road to Development By Beijing Review.

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ပန်းတနော် ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်အေးက ပြောပြ၍သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ဆန်ကွဲ ၂၄ပြည်ဝင်အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဘက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ဆန်ကွဲအိတ်တွေကို ဇူလိုင်လပထမပတ်လောက်ကနေစပြီး အရောင်းအဝယ်က သိသိသာသာကိုကောင်းခဲ့တာပါ။ ဆန်ကွဲတွေကို ပွဲရုံလုပ်ငန်းရှင်တွေက ရန်ကုန်ဈေးကွက်ကို အဆက်မပြတ် တင်ပို့ရောင်းချနေပါတယ်။ ပန်းတနော်မြို့နယ်ကနေ ဆန်ကွဲတွေကို ကုန်းလမ်းကြောင်းကနေ ကုန်တင်ကားတွေနဲ့အဓိက တင်ပို့ရောင်းချနေပါတယ်။ အခက်အခဲမရှိ အဆင်ပြေပြေ တင်ပို့ရောင်းချနေရလို့ အဆင်ပြေပါတယ်"ဟု ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်အေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်ကွဲများ တင်ပို့ရောင်းချမှု များလာခြင်းကြောင့် ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ကား အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း ဒေါ်မြင့်အေးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းရှူးမြို့နယ် ဝမ်မယ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုင်းရှူး ဩဂုတ် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုက်ပါကျေးရွာအုပ်စု ဝမ်မယ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဝမ်မယ်ကျေးရွာ၌ နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့်ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ၎င်းစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ၊ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ရှိုသန်းညွန့်**

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

**ဝါးခယ်မ ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၁၀၅၅ ဧက စိုက်ပျိုးရန် လျာထားခဲ့ပြီး ဇွန်လ ပထမပတ်မှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံစုံတွေကို လျာထား စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ သီးနှံစုံတွေမှာ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့နဲ့ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီနှစ် စားဖိုဆောင်သီးနှံကို အစုံစိုက်ပျိုးထားပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စားဖိုဆောင်သီးနှံစုံ ၁၀၅၅ ဧကတွင် ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူးသီး၊ သခွားသီး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့်သီးနှံများကို စိုက်ပျိုးထားကြောင်း၊ အဆိုပါသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရေး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများ အရောက်ကွင်းဆင်းကာ တောင်သူများနှင့်တွေ့ဆုံပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# သရက်ချောင်းမြို့နယ် အိမ်ရှေ့ပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သရက်ချောင်း ဩဂုတ် ၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးရရှိပြီး မိသားစုစားဝတ်နေရေးကို အထောက်အကူပြုနိုင်ရန်အတွက် အိမ်ရှေ့ပြင်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်းကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး အိမ်ရှေ့ပြင်ကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၃၁ ဒသမ ၂ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် အိမ်ရှေ့ပြင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင် သူ ၁၆ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူတစ်ဦးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်း ၅၅ ဦးအား ငွေကျပ် ၃၁ ဒသမ ၂ သန်းကို စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးရရှိရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်နှင့် ကျေးလက်နေလူထု၏ စွမ်းဆောင်ရည်များ မြင့်မားလာစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်ထံမှ သိရသည်။

**ငယ်လေး**

# မလှိုင်မြို့နယ် ချင်းလျားရွာသစ်ကျေးရွာတွင် ရေပေးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မလှိုင် ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း မူလရန်ပုံငွေဖြင့် ဆောင်ရွက်သော ချင်းလျားရွာသစ်ကျေးရွာတွင် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ထူးနေခြည်ခင်နှင့် ဝန်ထမ်းများက ချင်းလျားရွာသစ်ကျေးရွာတွင် ဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း၊ 22Hpအင်ဂျင်နှင့် သုံးထပ်ပန့်တပ်ဆင်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်စုစုက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ချင်းလျားရွာသစ်ကျေးရွာတွင် ပြည်ထောင်စုငွေလုံးငွေရင်း မူလရန်ပုံငွေကျပ် ၁၉ ဒသမ ၇၆ သန်းဖြင့် ဂါလန် ၅၀၀၀ဆံ့ ရေကန်တည်ဆောက်ခြင်း၊ 22Hp အင်ဂျင်နှင့် သုံးထပ်ပန့်တပ်ဆင်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း နှစ်လက်မ PVC ပေ ၄၀၀၀ ဆောင်ရွက်ခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဇွန်လ စတုတ္ထပတ်မှစ၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# တရုတ်နိုင်ငံ ဟူနန်ပြည်နယ်တွင် Gaemiမုန်တိုင်းကြောင့် လူဦးရေ ၃၀ ထက်မနည်း သေဆုံး



**ပေကျင်း ဩဂုတ် ၃**

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်တွင် ဝင်ရောက်တိုက်ခတ်ခဲ့သည့် Gaemi ဟု အမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်းကြောင့် လူဦးရေ ၃၀ ထက်မနည်း သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

Gaemi ဟုအမည်ပေးထားသည့် တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်မှု ကြောင့် သေဆုံးသူဦးရေ ၃၀ ထက်မနည်းရှိသည့်အပြင် လူ ၃၅ ဦး ပျောက်ဆုံးနေကြောင်း၊ ဟူနန်ပြည်နယ်တွင် Gaemi တိုင်ဖွန်းမုန်တိုင်းကြောင့် ရေဘေးအန္တရာယ်ဖြင့် ဆိုးဆိုးရွားရွားရင်ဆိုင်နေရသည့် မြို့ ရှစ်မြို့ထိရှိနေကြောင်း၊ မုန်တိုင်းကြောင့် အခြေခံအဆောက်အအုံအမြောက်အမြားပျက်စီးခဲ့ပြီး လျှပ်စစ်မီး ပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည့် လူနေအိမ်ခြေ အမြောက်အမြားလည်း ရှိနေကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"မုန်တိုင်းကြောင့် သေဆုံးသူတွေရှိနေပါတယ်။ မုန်တိုင်းဟာ ဟူနန်ပြည်နယ်ကို အဓိကတိုက်ခတ်နေတာဖြစ်ပါတယ်။ မုန်တိုင်းဟာ တစ်နာရီ မိုင် ၇၀ နှုန်းနဲ့ တိုက်ခတ်နေတာဖြစ်ပါတယ်။ မုန်တိုင်းဟာ အခြေအနေပိုဆိုးလာနိုင်တယ်။ မိုးရေချိန်ဟာဆက်တိုက်မြင့်တက်လာပြီးတော့ လူနေအိမ်ခြေတော်တော်များများ ရေမြုပ်နေတဲ့အတွက်ကြောင့် ရေဘေးအန္တရာယ် အခြေအနေပိုဆိုးလာနိုင်ပါတယ်" ဟု ဟူနန်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

ဟူနန်ပြည်နယ်တွင် ဩဂုတ် ၁ ရက်မှစတင်၍ ဆိုးရွားသောရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ပြီး မုန်တိုင်းကြောင့် လေတိုက်နှုန်းလည်း ပြင်းထန်နေကာ လေတိုက်နှုန်းမှာ ၁ နာရီ မိုင် ၇၀ နှုန်းထိ မြင့်တက်နေကြောင်း၊ Gaemi တိုင်ဖွန်းမုန်တိုင်းကြောင့် မိုးရေချိန်မှာ ၂၅၀ မီလီမီတာထိ မြင့်တက်နေပြီး ရေဘေးအန္တရာယ် အခြေအနေ ပိုဆိုးလာဖွယ်ရှိနေကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ရှားပါးနှုတ်သီးနီခေါ့ဖ်ငှက်များ ကန့်ထ်ကမ်းရိုးတန်းဒေသတွင် ပထမဆုံးအကြိမ် သားပေါက်နေ

**လန်ဒန် ဩဂုတ် ၃**

နှုတ်သီးနီခေါ့ဖ်ငှက်များကို ရှားပါးငှက်မျိုးစိတ်အဖြစ်သတ်မှတ်ကာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီးနောက် ယခုအခါ ကန့်ထ်ကမ်းရိုးတန်းဒေသတွင် ပထမဆုံးအကြိမ် သားပေါက်နေပြီဖြစ်ကြောင်း ငှက်များကို ထိန်းသိမ်းစောင့်ရှောက်နေသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရှားပါးလာသော အဆိုပါနှုတ်သီးနီခေါ့ဖ်ငှက်များ ကန့်ထ်ခရိုင်၏ ကမ်းရိုးတန်းသို့ ပြန်လည်ရောက်ရှိသားပေါက်ခြင်းသည် ရေရှည်ပြန်လည်ထူထောင်ရေးစီမံကိန်း၏ ရလဒ်ဖြစ်ကြောင်း သိရသည်။

ချောက်ကမ်းပါးများ၌သာ နေထိုင်ကျက်စားသည့် နှုတ်သီးနီခေါ့ဖ်ငှက်များ အင်္ဂလန်နိုင်ငံ၏ အရှေ့တောင်ဘက်တွင်ရှိသည့် ခရိုင်တစ်ခုဖြစ်သော ကန့်ထ်ခရိုင်တွင် သားပေါက်နေကြောင်း၊ အင်္ဂလန်မျိုးစိတ် နှုတ်သီးနီခေါ့ဖ်ငှက်များသည် အမဲလိုက်ဖမ်းဆီးခြင်း၊ မွေးမြူရေးအလေ့အထပြောင်းလဲခြင်းများကြောင့် အများစုမှာ ပျောက်ကွယ်သွားခဲ့ပြီး ၂၀၀၁ ခုနှစ်က ခရောင်းဝေါခရိုင်ရှိ လစ်ဇက်ထိကျွန်းဆွယ်တွင် အဆိုပါရှားပါးငှက်မျိုးစိတ်များကို ပြန်လည်ထူထောင်ရန် ကြိုးပမ်းခဲ့ကြောင်း၊ ထိန်းသိမ်းစောင့်ရှောက်မှုကြောင့် ခရောင်းဝေါခရိုင်တွင် ငှက်အကောင်ရေ ၂၀၀ ကျော်ထိ တိုးလာခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် အဆိုပါငှက်များထဲမှ အကောင်ရေ ၁၁၀ ကျော် ထွက်ပြေးသွားခဲ့ကြောင်း၊ လက်ရှိတွင် ကျန်ရှိနေသောငှက်များကို ကန့်ထ်ခရိုင်တွင် ထိန်းသိမ်းကာကွယ်မှုများ ပြုလုပ်နေကြောင်း Kent Wildlife Trust အဖွဲ့၏ အချက်အလက်များအရ သိရသည်။



ယခုအခါ အဆိုပါငှက်များကို Wildlife Trust၊ Wildwood Trust တို့၏ ကြီးကြပ်မှုဖြင့် Paradise ဥယျာဉ်တွင် ထိန်းသိမ်းမွေးမြူထားပြီး ၎င်းတို့ကို ပိုးကောင်များနှင့် အခြားအစားအစာအရင်းအမြစ်များကို မြက်ခင်းပြင်တွင် လေ့လာစူးစမ်းရန် သင်ကြားပေးလျက်ရှိသည့်အပြင် ရာသီဥတုဒဏ်ကို ခံနိုင်စေရန် ငှက်များကို ကျွမ်းကျင်တိရစ္ဆာန် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုများလည်း ပေးနေကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# ဘရာဇီးနိုင်ငံ၏ အမေဇုန်မိုးသစ်တောတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် တောမီးလောင်ကျွမ်းမှုအကြိမ်ရေ မြင့်တက်ခဲ့

**ဘရာဇီးလီးယား ဩဂုတ် ၃**

ဘရာဇီးနိုင်ငံ၏ အမေဇုန်မိုးသစ်တောတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် တောမီးလောင်ကျွမ်းမှုအကြိမ်ရေ မြင့်တက်ခဲ့ကြောင်း ဘရာဇီးအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ဩဂုတ် ၂ ရက် သတင်းများအရ သိရသည်။

ဘရာဇီးနိုင်ငံ အမေဇုန်မိုးသစ်တောတွင် တောမီးလောင်ကျွမ်းမှုအကြိမ်ရေသည် ဆယ်စုနှစ် နှစ်ခုခန့်အတွင်း စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ ကမ္ဘာ့အကြီးဆုံး မိုးသစ်တောဖြစ်သည့် အမေဇုန်သည် ဖန်လုံအိမ်ဓာတ်ငွေ့အများအပြားကို စုပ်ယူပေးနိုင်သည့်အတွက် ကမ္ဘာကြီးပူနွေးမှုကို တားဆီးရာတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ အစိုးရ၏ စစ်တမ်းကောက်ယူထားသော အချက်အလက်များအရ ဇူလိုင်လအတွင်း အမေဇုန်မိုးသစ်တောတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည့်နေရာ ၁၁၄၃၄ နေရာထိ ရှိခဲ့ပြီး တောမီးကြောင့် သစ်တောဧရိယာ ၁၇၅၈၂ စတုရန်းကီလိုမီတာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထိုအရေအတွက်သည် ၂၀၀၅ ခုနှစ်နောက်ပိုင်း အကြိမ်ရေအများဆုံးတောမီးလောင်ကျွမ်းမှုဖြစ်ကြောင်း၊ အမေဇုန်မိုးသစ်တောတွင် ၂၀၂၃ ခုနှစ် ဩဂုတ်လနှောင်းပိုင်းကစ၍ မိုးခေါင်ရေရှားလာပြီး တောမီးကြောင့် သစ်ပင်များ ခြောက်သွေ့ပျက်စီးခဲ့ရကြောင်း ဘရာဇီးနိုင်ငံ အမျိုးသား အာကာသသုတေသနအဖွဲ့၏ အချက်အလက်များအရ သိရသည်။

အမေဇုန် မိုးသစ်တောတွင် တောမီးလောင်မှုများသည် ရာသီဥတုဖောက်ပြန်မှုကြောင့် လောင်ကျွမ်းရခြင်းအပြင် ပဲပိစပ်စိုက်ပျိုးသူများ၊ ကျွဲ၊ နွားမွေးမြူသူများနှင့်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်မြေယာရှင်းလင်းသူများ၏မဆင်မခြင်လုပ်ရပ်များကြောင့်လည်း တောမီးလောင်ကျွမ်းရခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KZ**

# အိန္ဒိယနိုင်ငံသည် အပူလှိုင်းဒဏ်ကိုရင်ဆိုင်ရန် ကျောက်မီးသွေးနှင့် ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို မှီခိုနေရ

**နယူးဒေလီ ဩဂုတ် ၃**

အိန္ဒိယနိုင်ငံသည် ကြာမြင့်သော အပူလှိုင်းဒဏ်ကို ရင်ဆိုင်ရန်အတွက် ကျောက်မီးသွေးနှင့် ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို မှီခိုနေရကြောင်း ဗဟိုလျှပ်စစ်အာဏာပိုင်အဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ဩဂုတ် ၂ ရက် သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံသည် အပူလှိုင်းဒဏ်ကို ပြင်းထန်စွာရင်ဆိုင်နေရသဖြင့် အအေးပေးစနစ်များအတွက် ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားစနစ်အတွက် ရုပ်ကြွင်းလောင်စာများအပေါ် မှီခိုအားထားနေရပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အသုံးပြုမှု လျော့ကျလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ လျှပ်စစ်ဓာတ်အားပေးစနစ်သည် ယခုနှစ် မေလနှင့် ဇွန်လက ၃၀၉ ဘီလီယံ kWh အသုံးပြုခဲ့ပြီး ၂၀၂၃ ခုနှစ်၏ အလားတူကာလ လျှပ်စစ်ဓာတ်အားအသုံးပြုမှုသည် ၂၇၅ ဘီလီယံ kWh နှင့် ၂၀၂၂ ခုနှစ်တွင် အလားတူကာလ လျှပ်စစ်ဓာတ်အားအသုံးပြုမှုသည် ၂၇၀ ဘီလီယံ kWh ရှိရာ တစ်နှစ်ထက်တစ်နှစ် လျှပ်စစ်ဓာတ်အား ပိုမိုလိုအပ်လာသဖြင့် အိန္ဒိယနိုင်ငံ၏ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၃၃ ခုသည် လျှပ်စစ်ကို စံချိန်တင်ထုတ်လုပ်နေရကြောင်း၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ဓာတ်ငွေ့ထုတ်လုပ်သည့် စက်ရုံများသည် ဓာတ်ငွေ့ကို တိုးမြှင့်ထုတ်လုပ်ကာ ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် ၂၀၂၂ ခုနှစ်တွင် ခြောက်ဘီလီယံ kWh မှ ယခုနှစ်တွင် ၁၀ ဘီလီယံ kWh ထိ တိုးမြှင့်ထုတ်လုပ်နေကြရကြောင်း ဗဟိုလျှပ်စစ်အာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ၏ အပူချိန်မြင့်တက်လာမှုကို အန်တုရန် အအေးပေးစနစ်များဖြစ်သော လေအေးပေးစက်၊ ပန်ကာနှင့် ရေခဲသေတ္တာများကို ပိုမိုအသုံးပြုရခြင်းကြောင့် လျှပ်စစ်ဓာတ်အားအလျင်အမြန်ထုတ်နိုင်စွမ်းရှိသည့် ကျောက်မီးသွေးနှင့် ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ပိုမိုမှီခိုနေရခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ဗဟိုလျှပ်စစ်အာဏာပိုင်အဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KZ**

# အီတလီနိုင်ငံ စစ္စလီကျွန်းတွင် မိုးခေါင်ရေရှားမှုကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အခက်အခဲဖြစ်ပေါ်နေ

**ရောမ ဩဂုတ် ၃**

အီတလီနိုင်ငံ စစ္စလီကျွန်းတွင် မိုးခေါင်ရေရှားမှုကြောင့် လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ အခက်အခဲဖြစ်ပေါ်နေကြောင်း ကျွန်းအာဏာပိုင်များက ပြောကြားခဲ့သည်ဟု ဩဂုတ် ၂ ရက် သတင်းများအရ သိရသည်။

အီတလီနိုင်ငံတွင် ဇူလိုင်လကတည်းကစ၍ မိုးရွာသွန်းမှုနည်းပါးခဲ့သဖြင့် ရေရှားပါးကာ ပူပြင်းခြောက်သွေ့မှုကြောင့် မြေဆီလွှာများအဆီအနှစ်ဓာတ်များ ခန်းခြောက်နေကြောင်း၊ အလားတူ စစ္စလီကျွန်းတောင်ပိုင်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင်လည်း ရေလုံလောက်စွာမရသဖြင့် မွေးမြူရေးတိရစ္ဆာန်များ ရေငတ်ကာ အပူဒဏ်ကို အလူးအလဲခံစားနေရပြီး အချို့တိရစ္ဆာန်များ သေဆုံးခဲ့ကာ စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်နေကြောင်း၊ သောက်သုံးရေအတွက် ရေကားများကို အခကြေးငွေပေး၍ ဝယ်ယူအသုံးပြုနေရကြောင်း ဒေသခံများက ပြောကြားခဲ့သည်။

အီတလီနိုင်ငံ၏ မြင့်မားလာသောအပူချိန်များနှင့်အတူ မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ဒေသမျိုးရင်းမြက်ပင်များကို ခြောက်သွေ့ပျက်စီးစေခဲ့ပြီး အဆိုပါ မြက်ခင်းများသည် သိုး၊ ဆိတ်၊ နွားများကဲ့သို့ မွေးမြူရေးတိရစ္ဆာန်များ၏ အစာဖြစ်သဖြင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများကို အခက်အခဲများဖြစ်ပေါ်စေကြောင်း၊ ထို့ပြင် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများအတွက် ရေသည် အဓိကလိုအပ်ချက်ဖြစ်သောကြောင့် ရေရရှိရေးအတွက် အဝေးရှိ ရေတွင်းများသို့ ခရီးရှည်နှင်ကာသွားရခြင်း၊ ရေကိုစီတန်းကာ စောင့်ဆိုင်းရခြင်းနှင့် လုပ်ငန်းသုံးအတွက်လိုအပ်သော ရေရရှိရန် နေ့စဉ် ရှာဖွေနေရခြင်းများဖြင့် ရင်ဆိုင်နေကြရကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KZ**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## ရွှေရောင်ငါးတို့ တိုင်းပြည်

မင်္ဂလာပါ သားသားမီးမီးတို့ရေ။ ဦးဦး ဒီတစ်ပတ် ပြောပြမယ့် ပုံပြင်လေးကတော့ “ရွှေရောင်ငါးတို့ တိုင်းပြည်”ဆိုတဲ့ပုံပြင်လေးပဲဖြစ်ပါတယ်။

ဟိုးရှေးရှေးတုန်းက မြစ်ပြင်ကျယ်ကြီးထဲမှာ ချမ်းသာလို့ အမည်ရတဲ့ ရွှေရောင်ငါးကြီး ရှိသတဲ့။ အဲဒီငါးကြီးဟာ ငါးအပေါင်းတွေကို အုပ်ချုပ်ပြီးနေထိုင်တာပေါ့။ ငါးအားလုံးရဲ့ အရောင်ဟာလည်း ရွှေရောင်လေးတွေ ရှိကြသတဲ့။ ရွှေရောင်ငါးကြီး ချမ်းသာ နေထိုင်တဲ့နေရာဟာ ရွှေအလွန်ပေါသတဲ့ကွယ်။ ငါးကြီး ချမ်းသာရဲ့အမိန့်နဲ့ ငါးအပေါင်းတို့ဟာ တစ်ပတ်တစ်ခါ ရွှေမှုန့်တွေကို စားသုံးကြရတာပေါ့။ ဒါကြောင့် ချမ်းသာ အုပ်ချုပ်တဲ့ငါးတိုင်းပြည်ဟာ သာမန်ငါးတွေနဲ့မတူဘဲ ရွှေရောင်ငါးတွေ ဖြစ်လာတာပေါ့။ မည်သည့်ငါးမဆို လွတ်လွတ်လပ်လပ်နေကြရတာပေါ့။ ဒါပေမဲ့ အဲဒီ ငါးအုပ်စုထဲမှာ လောဘကြီးတဲ့ ဖိုးမြလို့ အမည်ရတဲ့ ငါးတစ်ကောင်လဲ ရှိတယ်ကွယ်။ ဖိုးမြဟာ ချမ်းသာ ဘာပဲလုပ်လုပ် အကောင်းမမြင်ဘူးပေါ့ကွယ်။ အမြဲတမ်း ကန့်လန့်တိုက်သတဲ့။ တစ်နေ့မှာတော့ ချမ်းသာတို့နေတဲ့တိုင်းပြည်အနားကို တံငါသည်ဟာ ပိုက်ကွန်တစ်ခု လှေတစ်စင်းနဲ့ရောက်လာတာပေါ့။ တံငါသည်ဟာ လှေကိုရပ်ပြီး ပိုက်ကွန်ကိုပစ်ဖို့ ဟန်ပြင်လိုက်တဲ့ အချိန်မှာ ဖိုးမြဟာ အကြံနဲ့ လှေအနီးမှာထခုန်ပြသတဲ့။ တံငါသည်ဟာ ဖိုးမြကိုမြင်ရင်ပဲ ပိုက်ကွန်နဲ့ လှမ်းပစ်သတဲ့။ ပိုက်ကွန်ရဲ့အောက်မှာ ရွှေငါးတွေအားလုံး မိနေသတဲ့။ သို့ပေမယ့် ရွှေငါးတွေဟာ အားအင်ကိုယ်စီနဲ့ ပိုက်ကွန်ကိုတိုးဖောက်တာပေါ့။ ရွှေငါးတွေရဲ့စည်းလုံးခြင်းအားမာန်ကြောင့် ပိုက်ကွန်ဟာ အပေါက်ပေါက်သွားပြီး ရွှေငါးအားလုံး အသက်ဘေးကနေ လွတ်မြောက်သွားတာပေါ့။ အဲဒီအချိန်မှာ ဖိုးမြကတော့ ထွက်မပြေးဘဲ ပိုက်ကွန်နောက်ကို ကပ်ပါလိုက်သွားသတဲ့။ တံငါသည်ဟာ ဖိုးမြကိုတွေ့ပြီး ဝမ်းသာသွားတော့တာပေါ့။ ထိုအခါ ဖိုးမြက-

“အဆွေတံငါသည် ကျွန်ုပ် သင့်ကို ရွှေတွေရှိတဲ့



နေရာကိုပြမယ်။ အသင်ရွှေတစ်ဝက်ကိုယူပြီး ကျန်တဲ့ တစ်ဝက်ကို ငါ့ကိုပေးပါ” လို့ ပြောသတဲ့။ တံငါသည်ဟာ ဖိုးမြစကားကိုကြားပြီး သဘောတူလိုက်တာပေါ့ကွယ်။

အသက်ဘေးက လွတ်မြောက်လာတဲ့ ငါးတွေဟာ သူတို့ရဲ့ခေါင်းဆောင်ချမ်းသာဆီ အမြန်ပြေးလာပြီး ဖြစ်ပျက်သမျှ အကြောင်းစုံပြန်ပြောပြသတဲ့။ ပိုက်ကွန်တွင် ဖိုးမြပါသွားကြောင်းလည်း ပြောပြတာပေါ့။ ချမ်းသာဟာ အကျိုးအကြောင်းစဉ်းစားပြီး ဖိုးမြရဲ့အကြံကိုသိသောကြောင့် ငါးအားလုံးကို စကားဆိုလိုက်သတဲ့။

“အဆွေခင်ပွန်းငါးတို့ခင်ဗျာ။ မကြာခင် ငါတို့နေထိုင်နေတဲ့တိုင်းပြည်ကို တံငါသည်နဲ့အတူ ဖိုးမြ ရောက်လာလိမ့်မယ်။ ဒါကြောင့် ငါတို့အားလုံး စည်းစည်းလုံးလုံးနဲ့တကွ တံငါသည်နဲ့ ဖိုးမြကို ပြန်လည်တိုက်ခိုက်ရမယ်”လို့ဆိုလိုက်သတဲ့။ အချို့ငါးတွေဟာ တံငါသည်ကို တိုက်ခိုက်ဖို့မဖြစ်နိုင်ကြောင်း ပြောလိုက်တယ်ကွယ်။ ချမ်းသာဟာ အမျိုးမျိုးကြံစည်တွေးတောပြီး စကားဆိုပြန်သတဲ့။

“ရွှေရောင်ငါးအပေါင်းတို့ ငါတို့ဟာ ဘိုးဘွားလက်ထက်ကတည်းက ဒီရွှေရောင်တိုင်းပြည်ကြီးမှာနေပြီး ရွှေမှုန်တွေကို စားခဲ့ကြတယ်။ ဒါကြောင့် ငါတို့သည် ရန်သူကို တိုက်ခိုက်မလား။ ရွှေရောင်တိုင်းပြည်ကိုထားခဲ့ပြီး ထွက်ပြေးမလား”လို့ ဆိုလိုက်သတဲ့ကွယ်။

ထိုအခါ ငါးအပေါင်းတို့က ရန်သူကို တိုက်ခိုက်ပြီး ရွှေရောင်တိုင်းပြည်ကိုကာကွယ်ဖို့ ပြောကြားသတဲ့ကွယ်။ ချမ်းသာတို့ ပြောနေရင်း ဖိုးမြနဲ့အတူ တံငါသည် ရောက်လာသတဲ့။ အဲဒီအခါ ငါးတွေဟာ မိမိခွန်အားရှိသမျှ လှေကိုကိုယ်ခန္ဓာနဲ့ တိုက်ကြသတဲ့။ လှေဟာ ဘယ်လိုမှမဖြစ်ဘဲနေသတဲ့ကွယ်။ ဖိုးမြကတော့ အဝေးကနေကြည့်ပြီး ရယ်မောနေတာပေါ့။ နောက်ဆုံး ချမ်းသာဟာ အကြံထုတ်ပြီး ငါးတွေကို စုဝေးလိုက်သတဲ့ကွယ်။ ငါးတွေဟာ စုစုစည်းစည်းနဲ့ တံငါလှေရဲ့ ဝမ်းဗိုက်အောက်ဘက်မှာနေပြီး အားကုန်တွန်းကြတာပေါ့။ တံငါလှေဟာ ငါးအပေါင်းတို့ရဲ့တွန်းအားကြောင့် အရှိန်မြန်ပြီး တိမ်းမှောက်သွားသတဲ့ကွယ်။ အဲဒီအချိန် တံငါသည်ဟာ ရေကူးရင်းပြေးသတဲ့။ ရေမကူးနိုင်တော့တဲ့အဆုံးရေထဲမှာ အသက်ဆုံးရှုံးရတယ်ကွယ်။ ငါးအပေါင်းတို့ဟာ ပျော်ရွှင်ချမ်းမြေ့စွာ ရွှေရောင်တိုင်းပြည်မှာ အေးအေးချမ်းချမ်း နေထိုင်သွားကြသတဲ့ကွယ်။ ဖိုးမြကတော့ ရွှေရောင်ငါးတွေကိုကြောက်ပြီး အဝေးကို ထွက်ပြေးသွားသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲ သားသားမီးမီးတို့ရေ။ ရွှေရောင်ငါးတို့ တိုင်းပြည် ပုံပြင်ထဲကလို သားသားမီးမီးတို့လည်း မိမိတိုင်းပြည်၊ မိမိအိမ်ကို ညီအစ်ကိုမောင်နှမတွေနဲ့အတူ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ကာကွယ်စောင့်ရှောက်ကြပါလို့ တိုက်တွန်းလိုက်ရပါတယ်ကွယ်။ ။

**မောင်ပုည(ဟသ်ာတမြေ)**

## စွမ်းရည်ကိုယ်စီ

◆ ပျားကောင်လေးတွေ ဝတ်ရည်သယ်
စွမ်းရည်သတ္တိကြွယ်။
သေးငယ်ပေမယ့် လက်ရာမြောက်
ပန်းရည်ဘဏ်တိုက်ဆောက်။

◆ ခြကောင်လေးတွေ မြေစာသယ်
စွမ်းရည်သတ္တိကြွယ်။
သေးငယ်ပေမယ့် အံ့ဩလောက်
ခြတောင်ပို့ကြီးဆောက်။

◆ လူတော်လူကောင်း တို့မောင်မယ်
စွမ်းရည်သတ္တိကြွယ်။
ငယ်ရွယ်ပေမယ့် နောင်တစ်ခေတ်
တိုင်းပြည်ခွန်အားသစ်။



**ကန်မြဲချစ်မင်းဝေ**

## သစ်ပင်စိုက်ပျိုး အလှတိုး

◆ ကမ္ဘာမြေကြီး လှဖို့ရာ

လူတို့တာဝန်ပါ။

မိုးရာသီဝယ် သစ်ပင်များ

စိုက်ပျိုးကြစို့လား။

◆ ဥတုသုံးပါး မျှတအောင်

သစ်ပင်များပျိုးထောင်။

တောတောင်လယ်ယာ စိမ်းလန်းဖို့

သစ်ပင်စိုက်ပါစို့။



**မင်းဝေအောင်(ရဲကျွန်း)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိသားစုတစ်စု၊ နိုင်ငံတစ်နိုင်ငံ ကောင်းမွန်စေရေးအတွက် မိသားစုဝင်များ၊ နိုင်ငံသူ၊ နိုင်ငံသားများကသာ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် မိသားစုကို ချစ်သည့်စိတ်၊ နိုင်ငံကို ချစ်သည့်စိတ်များရရှိကြစေရေး မိမိတို့အနေဖြင့် အမျိုးသားရေးကိစ္စ တစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို)မှ အဖွဲ့ဝင်များကို တွေ့ဆုံစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိသည့်အပြင် ပုံမှန်ထက်ပိုမိုဖြန့်ဖြူးပေးလျက်ရှိရာ လက်ရှိတန်းစီဝယ်ယူနေသည့် အရောင်းဆိုင်များအပြင် ကျန်အရောင်းဆိုင်များသို့လည်း သွားရောက်ဝယ်ယူကြရန် တိုက်တွန်းနှိုးဆော်

**နေပြည်တော် ဩဂုတ် ၃**

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် နိုင်ငံတွင်းစက်သုံးဆီဖူလုံစွာသုံးစွဲနိုင်ရေးအတွက် သီလဝါဆိပ်ကမ်းဒေသရှိ သိုလှောင်ကန်စခန်းများ၌ ယခုနှစ် ဩဂုတ်လ ဒုတိယပတ်ကုန်ထိ လုံလောက်စွာဖြန့်ဖြူးနိုင်ရန် သိုလှောင်ထားရှိသည့်အပြင် ပြည်ပနိုင်ငံမှ စက်သုံးဆီတင်သင်္ဘောများကိုလည်း စဉ်ဆက်မပြတ်ဝင်ရောက်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရှိပြီးဖြစ်သဖြင့် အများပြည်သူများအနေဖြင့် မကြာမီစက်သုံးဆီပြတ်လပ်မည်ဆိုသည့် Online Media များနှင့် ကောလာဟလသတင်းများကြောင့် စိုးရိမ်ကြောင့်ကြမှုဖြင့် လိုအပ်သည်ထက်ပိုမိုဝယ်ယူခြင်း၊ သိုလှောင်ထားရှိခြင်း၊ ဈေးနှုန်းမြှင့်တင်ပြီး စာမျက်နှာ ၂၁ ကော်လံ ၁ ❏

## တပ်မတော်တွင် သတ္တမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်းဆောင်ရွက်



တပ်မတော်မှအသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှအသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ပူးပေါင်း၍ အသည်းအစားထိုးခွဲစိတ်ကုသမှုကိုဆောင်ရွက်စဉ်။

**နေပြည်တော် ဩဂုတ် ၃**

တပ်မတော်တွင် ပထမအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အသည်းအစားထိုးလူနာနှစ်ဦးဖြင့် အောင်မြင်စွာ ခွဲစိတ်ကုသဆောင်ရွက်နိုင်ခဲ့သည်။ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း အသည်းအစားထိုးခွဲစိတ်ကုသမှု သုံးကြိမ်၊ လူနာကိုးဦးနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့် မေလတို့တွင် လူနာ ခြောက်ဦးတို့ကို အောင်မြင်စွာ ထပ်မံခွဲစိတ်ကုသဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယခုအခါ သတ္တမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို စာမျက်နှာ ၁၉ ကော်လံ ၄ ☆

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန် စာမျက်နှာ - ၂၂

**တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုဆီ ထာဝရရှေးရှုဦးတည်နေသည့် CPC**

ဆောင်းပါး စာမျက်နှာ - ၂၀

